အပြည်ပြည်ဆိုင်ရာ လုပ်ငန်းအဖွဲ့အစည်းများအတွက် အိုအီးစီဒီ

**လမ်းညွှန်ချက်များ**

# လုပ်ငန်းခွင်တွင် တာဝန်သိစွာ ပြုမူဆောင်ရွက်ရန် အရေးကြီးသည်

OECD

# လုပ်ငန်းခွင်တွင် တာဝန်သိစွာပြုမူဆောင်ရွက်ရန် အရေးကြီးသည်

## နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘာ့စီးပွားရေး၏မောင်းနှင်အားဖြစ်သည်။

နိုင်ငံတကာစီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်သည် လွန်ခဲ့သည့်နှစ်ပေါင်းသုံးဆယ်အတွင်း သိသာထင်ရှားသောတည်ဆောက်မှုဆိုင်ရာ အပြောင်းအလဲများနှင့် ကြုံခဲ့ရသည်။ အစိုးရများမှဈေးကွက်ဖွင့်ပေးသည်နှင့်အတူ စီးပွားရေးလုပ်ငန်းများက အခွင့်အရေးသစ်များကို ကြိုဆိုလုပ်ကိုင်ခြင်းဖြင့် စီးပွားရေးတိုးတက်မှုနှင့်အချင်းချင်းအချိတ်အဆက်ရှိမှုတွင် အတိတ်၌မကြုံဖူးသောကာလတစ်ခုသို့ ရောက်ခဲ့သည်။ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းများ (MNEs) သည် လုပ်ငန်းသစ်များဖန်တီးပေးခြင်း၊ လူ့စွမ်း အားအရင်းအမြစ်ဖွံ့ဖြိုးရေး၊ ထိရောက်သောအရင်းအနှီးမျှဝေခြင်းနှင့် နည်းပညာ၊ အသိပညာနှင့် လုပ်ငန်းကျွမ်းကျင်မှု လက်ဆင့်ကမ်းခြင်းစသည့်နယ်ပယ်များတွင် ကိုယ်ပိုင်ရော၊ အိမ်ရှင်နိုင်ငံများ၌ပါ ဖွံ့ဖြိုးမှုနှင့် စီးပွားရေးတိုးတက်မှုကို သိသာထင်ရှားစွာအထောက်အကူဖြစ်စေခဲ့ပါသည်။

## လုပ်ငန်းခွင်တွင် တာဝန်သိစွာပြုမူဆောင်ရွက်ရန် အရေးကြီးသည်။

တာဝန်သိစွာပြုမူဆောင်ရွက်ခြင်းသည် ပွင့်လင်းသောနိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဝန်းကျင်၏မရှိမဖြစ်သောလိုသပ်ချက်တစ်ခုဖြစ်သည်။ MNE များသည် နိုင်ငံအများအပြားနှင့် ယဉ်ကျေးမှု၊ တရားဥပဒေဆိုင်ရာနှင့် အုပ်ချုပ်ရေးဆိုင်ရာနယ်ပယ်အမျိုးမျိုး၌ လှုပ်ရှားလုပ်ဆောင်လေ့ရှိကြသည်။ ဤခက်ခဲနက်နဲမှုသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းရပ်များ၏ အပြိုင်အဆိုင်ကြီးမားသောသဘာဝနှင့်ပေါင်းစပ်၍ MNE များနှင့် ၄င်းတို့၏အစုရှယ်ယာဝင်များတွက် ပြိုင်ဘက်မရှိတစ်မူထူးခြားသောစိမ်ခေါ်မှုများပင်ဖြစ်သည်။ MNE အများအပြားသည် လုပ်ငန်းခွင်အပြုအမူများနှင့်ပတ်သက်၍ အဆင့်အတန်းမြင့်မားမှုကို လိုက်နာလေးစားကြသော်လည်း အချို့ကမူ မလိုအပ်သောပြိုင်ဆိုင်မှုအကျိုးအမြတ်ရရှိရေးကိုသာရေးရှု၍ သင့်တော်သည့်အပြုအမူဆိုင်ရာမူဝါဒနှင့်စံချိန်များကို လစ်လျူပြုတတ်ကြသည်။ ဤကဲ့သို့သောအခြေအနေမျိုးကို အထူးသဖြင့် မူဝါဒစည်းမျဉ်း၊ တရားဥပဒေနှင့် အဖွဲ့အစည်းဆိုင်ရာမူဘောင်များ မဖွံ့ဖြိုးသော (သို့) အားနည်းသောဝန်းကျင်များတွင် တွေ့ရတတ်သည်။ တာဝန်သိလုပ်ငန်းလုပ်ဆောင်မှုကို လေးစားလိုက်နာခြင်း၊ အပြန်အလှန်ဆွေးနွေးညှိနှိုင်းမှုကိုမြှင့်တင်ခြင်း၊ အစုရှယ်ယာဝင်များနှင့်ခိုင်မာစွာပူးပေါင်းလုပ်ဆောင်ခြင်းတို့ဖြင့် ဤအချက်ကိုတုန့်ပြန်သည့်လုပ်ငန်းအဖွဲ့အစည်းများ တစ်စထက်တစ်စပိုမိုများပြားလာပါသည်။ လူ့အဖွဲ့အစည်း၏လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် လုပ်ငန်းအဖွဲ့အစည်းများ၏အကျိုးတိုးတက်စေခြင်းဖြင့် နှစ်ဦးနှစ်ဘက်စလုံးအတွက် အကျိုးရှိနိုင်ပါသည်။

## ဈေးကွက်တည်ကြည်မှုသည် မရှိမဖြစ်လိုအပ်ပါသည်။

တည်တံ့ကောင်းမွန်သောလုပ်ငန်းဝန်းကျင် တည်ဆောက်ခြင်းသည် သက်ဆိုင်သူအားလုံး၏အကျိုးအတွက်ဖြစ်၍ ၄င်းအတွက်သက်ဆိုင်သူအားလုံးက ကြိုးပမ်းရန်လိုအပ်ပါသည်။ အစိုးရအဖွဲ့အစည်းအားလုံးသည် နိုင်ငံတကာမှအသိအမှတ်ပြုထားသော အခြေခံအခွင့်အရေးနှင့်ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်ရေးနှင့် ဈေးကွက်လှုပ်ရှားမှုများကို ကောင်းမွန်သောအုပ်ချုပ်မှု၊ တရားမျှတသောစည်းမျဉ်းဥပဒေနှင့် ပွင့်လင်းမြင်သာမှုတို့ကိုကျင့်သုံးခြင်းဖြင့် ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရေးတို့အတွက် တာဝန်ရှိပါသည်။ လုပ်ငန်းအဖွဲ့အစည်းများသည် အခြေခံအချက်များနှင့်တကွ လူ့အဖွဲ့အစည်းများအပေါ် ၄င်းတို့၏လုပ်ဆောင်မှုမှအကျိုးသက်ရောက်မှုများကို ထည့်သွင်းစဉ်းစား၍ တာဝန်သိလုပ်ငန်းလုပ်ဆောင်မှုကိုကျင့်သုံးရန်တာဝန်ရှိပါသည်။ အလုပ်သမားနှင့် အရပ်သားအဖွဲ့ အစည်းများသည် ကြိုတင်တွေးဆမှုနှင့်အကျိုးပြုဝါဒအရပါဝင်ဆောင်ရွက်ရန်နှင့် တာဝန်သိမှုကိုမလွဲမသွေရရှိစေရန်ကြပ်မတ်ခြင်းတွင် အဓိကအခန်းမှပါဝင်ရန်လိုအပ်ပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများသည် အပြန်အလှန်ဆွေးနွေးမှု၊ လုပ်ဖော်ကိုင်ဖက်အချင်းချင်း အပြန်အလှန်အသိပညာဖလှယ်မှု၊ စံချိန်သတ်မှတ်မှု၊ စိတ်ဖြာလေ့လာမှုနှင့် ပေါ်လစီအကြံပေးမှုများအတွက် အခွင့်အလမ်းများဖန်တီးပေးနိုင်ပါသည်။ (၂၀၀၈)ခုနှစ်က ဖြစ်ပွားခဲ့သော တကမ္ဘာလုံးဆိုင်ရာစီးပွားရေးပြဿနာများက ဈေးကွက်တွင်တည်တံ့ခိုင်မြဲမှုလိုအပ်ကြောင်းကိုသက်သေပြခဲ့သည်မှာ သေချာထင်ရှားပါသည်။ ၄င်းတို့သည် ပြည်သူလူထုအတွက်လုပ်ဆောင်ပေးရန်ဖြစ်ပြီး ဖြောင်းဖြန်မဖြစ်သင့်ပါ။

## နိုင်ငံတကာလုပ်ငန်းအဖွဲ့အစည်းများအတွက် အိုအီးစီဒီလမ်းညွှန်ချက်များ

ဤလက်ကမ်းစာစောင်သည် လက်ရှိအချိန်တွင် *နိုင်ငံတကာလုပ်ငန်းအဖွဲ့အစည်းများအတွက် အိုအီးစီဒီလမ်းညွှန်ချက်များ (လမ်းညွှန်ချက်များ)*၏ အခြေခံအချက်အလက်များကိုဖော်ပြ၍ တာဝန်သိလုပ်ငန်းလုပ်ဆောင်မှု နှင့်ပတ်သက်၍ အစိုးရထောက်ခံအားပေးသောအကြံပေးချက်များကို အပြည့်စုံဆုံးဖော်ပြထားသည့်စာတမ်းဖြစ်သည်။ ဤ*လမ်းညွှန်ချက်များ*ကိုလိုက်နာကျင့်သုံးရန်ဝန်ခံထားသောအစိုးရများသည် ရေရှည်တည်တံ့နိုင်သောဖွံ့ဖြိုးမှုများအတွက် MNE များမှအပြုသဘောဆောင်သည့်အကျိုးသက်ရောက်မှုကိုအားပေးရန်နှင့် ၄င်းတို့၏ လုပ်ငန်းလုပ်ဆောင်မှုများ၌ကြုံတွေ့နိုင်သည့်အခက်အခဲများကို နည်းနိုင်သမျှနည်းအောင်ပံ့ပိုးပေးရန်ရည်ရွယ်သည်။

## တာဝန်သိလုပ်ငန်းလုပ်ဆောင်မှုအပြုအမူအတွက် တစ်ခုတည်းသောကိရိယာနည်းနာ

ဤ*လမ်းညွှန်ချက်များ*သည် တာဝန်သိလုပ်ငန်းလုပ်ဆောင်မှုအပြုအမူနှင့်ပတ်သက်၍ အစိုးရများမှ လမ်းညွှန်ချက်လက်ခံ ကျင့်သုံးသည့် နိုင်ငံများအတွင်း၌(သို့)မှ လုပ်ရှားလုပ်ဆောင်နေသော MNEs များသို့ဦးတည်ညွှန်ကြားထားသော အကြံပေးချက်တစ်စုဖြစ်ပါသည်။ ဤ*လမ်းညွှန်ချက်များ*ကို စီးပွားရေးလုပ်ငန်းများ၏ကိုယ်စားလှယ်များ၊ အလုပ်သမားအစည်းအရုံး များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများက အိုအီးစီဒီစီးပွားရေးနှင့် လုပ်ငန်းဆိုင်ရာအကြံပေး ကော်မီတီ(BIAC)၊ အိုအီးစီဒီကုန်သွယ်မှုသမဂ္ဂအကြံပေးကော်မီတီ(TUAC) နှင့် အိုအီးစီဒီစောင့်ကြည့်ရေးအဖွဲ့ (OECD Watch) တို့မှတဆင့် ထောက်ခံထားပါသည်။

ဤ*လမ်းညွှန်ချက်များ*သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့်အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများနှင့် စပ်လျဉ်းသည့် (၁၉၇၆)ခုနှစ် အိုအီးစီဒီကြေညာချက်၏တစ်စိတ်တစ်ပိုင်းဖြစ်၍ လမ်းညွှန်ချက်လက်ခံကျင့်သုံးရန်ဝန်ခံထားသောအစိုးရများ၏ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုအတွက် ပွင့်လင်းမြင်သာသောပတ်ဝန်းကျင်ဖန်တီးရန်နှင့် MNEs များမှ စီးပွားရေးနှင့်လူမှုရေးတိုးတက်ဖွံ့ဖြိုးမှုတွင် အပြုသဘောဆောင်သည့်ပံ့ပိုးရေးကိုအားပေးရန် ခိုင်မာစွာသန္နိဋ္ဌာန်ချထားသော ပေါ်လစီတစ်ခုဖြစ်ပါသည်။ ဤ*လမ်းညွှန်ချက်များ*သည် လက်ခံကျင့်သုံးသောအစိုးရများထံမှ မျှော်လင့်ထားသော တာဝန်သိလုပ်ငန်းလုပ်ဆောင်မှုအပြုအမူများကို ရှင်းလင်းစွာသိရှိစေရန်နှင့် MNEs များအား ၎င်းတို့၏လုပ်ဆောင်ချက်များသည် အစိုးရပေါ်လစီများနှင့်ကိုက်ညီမှုရှိစေရန် ကူညီပံ့ပိုးပေးသည်။ ပွင့်လင်းသောရင်းနှီးမြှုပ်နှံမှုဝန်းကျင်နှင့် လုပ်ငန်းအဖွဲ့အစည်းများ၏ တာဝန်ဝတ္တရားများအကြား မျှတမှုရှိစေခြင်းသည် သော့ချက်တစ်ခုဖြစ်ပါသည်။

| နိုင်ငံတကာလုပ်ငန်းအဖွဲ့အစည်းများအား မည်သို့ အဓိပ္ပာယ်သတ်မှတ်သနည်း။ |
| --- |
| ဤ*လမ်းညွှန်ချက်များ*၏ရည်ရွယ်ချက်အတွက် နိုင်ငံတကာလုပ်ငန်းအဖွဲ့အစည်းဆိုသည်ကို တစ်မျိုးတည်းတိကျစွာ အဓိပ္ပာယ်သတ်မှတ်ရန်မလိုပါ။ ဤလုပ်ငန်းအဖွဲ့အစည်းများသည် စီးပွားရေးကဏ္ဍအားလုံးတွင် လှုပ်ရှားလုပ်ဆောင်နေကြသည်။ ၎င်းတို့အထဲတွင် နိုင်ငံတစ်နိုင်ငံထဲတွင်မဟုတ်၊ နိုင်ငံအများတွင် အခြေစိုက်လုပ်ကိုင်နေသောကုမ္ပဏီ (သို့) ဌာနများပါဝင်၍ ၎င်းတို့သည်အချင်းချင်း ဆက်နွယ်နေသဖြင့် လုပ်ငန်းရပ်များကို အသွင်အမျိုးမျိုးဖြင့်ညှိနှိုင်းဆောင်ရွက်နိုင်သည်။ ဤအဖွဲ့အစည်းတစ်ခု(သို့)အများမှ အခြားအဖွဲ့အစည်းများ၏ လုပ်ဆောင်မှုများပေါ်တွင် သိသာထင်ရှားသောလွှမ်းမိုးမှုရှိနိုင်သည်မှာမှန်သော်လည်း အဖွဲ့အစည်းတစ်ခုစီအတွင်း၌ သီးသန့်ကိုယ်ပိုင်ရပ်တည်နိုင်မှုမှာ အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းတစ်ခုနှင့်တစ်ခုအကြား အတိုင်းအတာအမျိုးမျိုးဖြင့်ခြားနားနိုင်ပါသည်။ ဤ*လမ်းညွှန်ချက်များ*သည် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်း(မိခင်ကုမ္ပဏီနှင့်/(သို့)ဒေသခံဌာနများ)အတွင်းမှ အဖွဲ့အစည်းအားလုံးသို့ ဦးတည်ညွှန်ကြားထားခြင်းဖြစ်ပါသည်။ ၎င်းတို့အကြားယခုလက်ရှိခွဲဝေထားသောတာဝန်များအရ အဖွဲ့အစည်းအသီးသီးသည် ဤ*လမ်းညွှန်ချက်များ*ကို လိုက်နာရေးလွယ်ကူစေရန် တစ်ဦးနှင့်တစ်ဦးပူးပေါင်းပူးပေါင်းဆောင်ရွက်၍ အပြန်အလှန် ကူညီရန်လိုပါသည်။ (၁–၄) |

## မည်သည့်အချက်များက ဤလမ်းညွှန်ချက်များကို တစ်မူထူးခြားစေသနည်း။

### ယနေ့အချိန်တွင် အစိုးရထောက်ခံအားပေးသောအကြံပေးချက်များကို အပြည့်စုံဆုံး ဖော်ပြထားသည့်ကိရိယာ

ဤ*လမ်းညွှန်ချက်များ*သည် လက်ခံကျင့်သုံးရန်ဝန်ခံထားသောအစိုးရများက ကမ္ဘာပေါ်တွင် ဤအချက်များကိုအများသိရှိလိုက်နာရေးကို ပံ့ပိုးမြှင့်တင်ပေးရန်ခိုင်မာစွာသန္နိဋ္ဌာန်ချထားသည့် ကော်ပိုရိတ်တာဝန်နှင့်စပ်လျဉ်း၍ နိုင်ငံပေါင်းစုံမှ သဘောတူထားသည့် တစ်ခုတည်းသောကိရိယာဖြစ်သည်။ ၎င်းတို့သည် အဓိကကျသော ဖွံ့ဖြိုးဆဲစီးပွားရေးအင်အားစုများ အပါအဝင် ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှုရေစီးကြောင်းအများစု၏ အရင်းအမြစ်လည်းဖြစ်၊ လက်ခံရယူသူလည်းဖြစ်၍၊ MNEs အများစု၏အခြေစိုက်ရာလည်းဖြစ်သော သက်ဆိုင်ရာနိုင်ငံများကသဘောတူလက်ခံထားသောအမြင်နှင့်တန်ဘိုးကိုဖော်ပြသည်။ ဤ*လမ်းညွှန်ချက်များ*တွင် စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ဝတ်များနှင့်သက်ဆိုင်သည့် အချက်အချာကဏ္ဍအားလုံး ပါဝင်သည်။ ၎င်းတို့၏အကြံပြုချက်များကို အခန်းကဏ္ဍ(၁၁)ခုခွဲ၍ သတင်းအချက်အလက်ထုတ်ပြန်ခြင်း၊ လူ့အခွင့်အရေးများ၊ အလုပ်သမားဌားရမ်းခန့်ထားခြင်းနှင့် လုပ်အား၊ ပတ်ဝန်းကျင်၊ အဂတိလိုက်စားမှုဆန့်ကျင်ရေးနှင့် စားသုံးသူအကျိုးစသည့် ခေါင်းစဉ်များဖြင့် ဖော်ပြထားသည်။ ဤ*လမ်းညွှန်ချက်များ*တွင် သိပ္ပံနှင့် နည်းပညာ၊ ပြိုင်ဆိုင်မှုနှင့် အခွန်ကောက်ခံမှုဆိုသည့်ကဏ္ဍသုံးခုနှင့်ပတ်သက်၍လည်း အခြားအပြည်ပြည်ဆိုင်ရာကော်ပိုရိတ်တာဝန် စာတမ်းများလောက် မပြည့်စုံစေကာမူ ထည့်သွင်းဖော်ပြထားသည်။

### တစ်မူထူးခြားသော အကောင်အထည်ဖော်မှုယန္တရား

ဤ*လမ်းညွှန်ချက်များ*ကိုလက်တွေ့ကျစွာအကောင်အထည်ဖော်ပုံအရ ၎င်းတို့သည် အခြားအပြည်ပြည်ဆိုင်ရာ ကော်ပိုရိတ် တာဝန်ကိရိယာများနှင့် ခြားနားသည်။

- **နိုင်ငံအဆင့်ဆက်သွယ်ရေးဌာနများ**

  ဤ*လမ်းညွှန်ချက်များ*ကိုလက်ခံကျင့်သုံးရန်ဝန်ခံထားသောနိုင်ငံများသည် နိုင်ငံအဆင့်ဆက်သွယ်ရေးဌာနများ (National Conctact Points – NCPs) ဖွဲ့စည်းသတ်မှတ်ရမည်။ ၎င်း NCPs များ၏တာဝန်များမှာ ဤ*လမ်းညွှန်ချက်များ*၏ ပိုမို အကျိုးထိရောက်မှုအတွက် ၎င်းတို့ကို အများသိစေရန်လုပ်ဆောင်မှုများ၊ သတင်းပြန်ကြားရေးကိုင်တွယ်မှုနှင့် *လမ်းညွှန်ချက် များ*မလိုက်နာခြင်းကြောင့်ဟုဆိုသော စွပ်စွဲချက်ကြောင့်ဖြစ်ပေါ်လာသည့်ကိစ္စရပ်များတွင်ကြားဝင်စေ့စပ်ညှိနှိုင်းပေးခြင်းနှင့် ပြဿနာဖြေရှင်းသည့်နေရာပံ့ပိုးပေးခြင်းတို့ဖြစ်သည်။ ထို့ကြောင့် ဤ*လမ်းညွှန်ချက်*သည် တစ်ခုတည်းသော မကျေနပ်ချက်ဖြေရှင်းသည့်ယန္တရားထည့်သွင်းစီမံထားသော အပြည်ပြည်ဆိုင်ရာကော်ပိုရိတ်တာဝန်ကိရိယာတစ်ခုဖြစ်သည်။

- **ဖြစ်လိုသောအခြေအနေကို ဖြစ်အောင်ဖန်တီးယူရန် အစီအစဉ်**

  ဤ*လမ်းညွှန်ချက်များ*ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်မှုကို ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်လိုသောအခြေအနေကိုဖြစ်အောင်ဖန်တီးယူရန်အစီအစဉ်ဖြင့် အားဖြည့်ထားသည်။ ဤအစီအစဉ်သည် လုပ်ငန်းအဖွဲ့အစည်းများကို ထုတ်ကုန်၊ ဒေသ၊ ကဏ္ဍ (သို့) စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ အကျိုးယုတ်စေနိုင်သည့်အန္တရာယ်များကို ရှာဖွေရေးနှင့် တုန့်ပြန်ရေးတွင်ကူညီခြင်းဖြင့် လမ်းညွှန်ချက်များကိုထိရောက်စွာလိုက်နာရေးမြှင့်တင်ပေးရန်ဦးတည်သည်။ ဤသို့ပြောင်းလဲမှုကို ကျယ်ပြန့်စွာထိရောက်စေရေးအလားအလာ၏ အချက်အချာမှာ သက်ဆိုင်ရာအလွှာစုံအား ၎င်းအကျိုးယုတ်စေမည့်အလားအလာရှိသောအန္တရာယ်များကိုရှောင်ရှားရေးနှင့်တုန့်ပြန်ရေးတွင် လုပ်ငန်းအဖွဲ့အစည်းများနှင့်တန်းတူလက်တွဲ၍ နည်းဗျူဟာများ တီထွင်နိုင်ရန်အခွင့်အရေးဖန်တီးပေးသည့် သက်ဆိုင်ရာအလွှာစုံပါဝင်မှုနည်းလမ်းကို ကျင့်သုံးခြင်းပင်ဖြစ်ပါသည်။

**တာဝန်သိစွာဆောင်ရွက်ခြင်း၏စီးပွားရေးဆိုင်ရာအကျိုးအမြတ်များ**

MEs များသည် ၎င်းတို့အပေါ်မှအရချမှတ်ထားသောမျှော်လင့်ချက်များနှင့် အခြေခံစံချိန်များကို ပြည့်မီစွာလိုက်နာခြင်းအပြင် တာဝန်သိစွာပြုမူဆောင်ရွက်ခြင်းဖြင့် စီးပွားရေးအရအကျိုးသက်ရောက်မှုများ မလွဲမသွေရှိနိုင်သည်။ တာဝန်သိလုပ်ငန်းအဖွဲ့အစည်းများသည် ရေရှည်စီးပွားရေးနည်းဗျူဟာ၏အရေးပါသောအစိတ်အပိုင်းဖြစ်သည့် လုပ်ငန်းလုပ်ဆောင်မှုတွင်လူမှုအာမခံချက်ရရှိရေးနှင့် ၎င်းကို ထိန်းသိမ်းထားနိုင်ရေးတွင် အများထက်ပို၍အခွင့်အရေးများသည်။ တာဝန်သိစီးပွားရေးလုပ်ထုံးလုပ်နည်းများသည် ဖြစ်နိုင်ချေရှိသော အန္တရာယ်စီမံခန့်ခွဲရေး၊ portfolio ပုံစံအမျိုးမျိုးအသုံးပြုရေးနှင့် ထုတ်လုပ်မှုတိုးတက်စေရေးကဏ္ဍများတွင် ထိရောက်သောလုပ်ဆောင်နည်း တစ်မျိုးဖြစ်သည်။ ဥပမာ – ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုအလေးထားသည့်ထုတ်လုပ်မှုသည် ကုန်ကျစရိတ်ကို လျှော့ကျစေနိုင်ပြီး၊ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှုဖြစ်စဉ်အဆင့်ဆင့် (supply chains) တွင် ထိရောက်သော လုပ်အားစီမံသုံးစွဲမှုသည် ထုတ်လုပ်မှုကိုတိုးစေ၍ ကုန်တံဆိပ်အရင်းအနှီး (brand capital)ကို ကာကွယ်နိုင်သည်။ တာဝန်သိစီးပွားရေး လုပ်ထုံးလုပ်နည်းများ ဆိုသည်မှာ သက်ဆိုင်သူများ၏အခွင့်အရေးများကိုလေးစားခြင်း၊ တန်ဘိုးသစ်များဖန်တီးခြင်း၊ ဖြစ်နိုင်ချေရှိသောအန္တရာယ်နှင့် နာမည်ကောင်းစီမံခန့်ခွဲမှုဖြင့် တည်ရှိဆဲတန်ဘိုးများကိုကာကွယ်ခြင်းတို့ဖြစ်ပါသည်။

တာဝန်သိစွာပြုမူဆောင်ရွက်ခြင်း၏အကျိုးများတွင် အောက်ပါတို့ပါဝင်ပါသည်။

- ထိရောက်သော ဖြစ်နိုင်ချေအန္တရာယ်နှင့် နာမည်ကောင်းစီမံခန့်ခွဲမှု
- portfolio ပုံစံအမျိုးစုံမှု
- လုပ်ငန်းလုပ်ဆောင်မှုဆိုင်ရာ အကျိုးထိရောက်မှု
- လုပ်ငန်းလုပ်ဆောင်ရန် လူမှုအဖွဲ့အစည်း၏ခွင့်ပြုလက်ခံမှု
- နိုင်ငံတကာအသိအမှတ်ပြုမူဝါဒရေးစံချိန်နှင့်ပါကိုက်ညီမှု
- အရည်အချင်းဆွဲဆောင်မှုနှင့် ဆက်လက်ထိန်းသိမ်းနိုင်မှု
- စားသုံးသူများအတွက် တိုးမြှင့်တန်ဖိုးပိုမိုမြင့်မားမှု
- အချို့ဈေးကွက်များတွင် လက်ဦးရွှေ့ပြောင်းသူအနေဖြင့်ရရှိသောအခွင့်အရေးများ
- ဈေးကွက်သစ်များ လက်လှမ်းမီခြင်း

## ကိုယ်ပိုင်သဘောဖြင့်လုပ်ဆောင်ခြင်း၊ သို့သော်မျှော်လင့်ချက်များကို ထင်ဟပ်ခြင်း

လုပ်ငန်းအဖွဲ့အစည်းများသည် ဤ*လမ်းညွှန်ချက်များ*ကို မိမိကိုယ်ပိုင်ဆန္ဒဖြင့်လိုက်နာရန်ဖြစ်၍ ဥပဒေအရ အတင်းအကြပ်သတ်မှတ်ချက် မဟုတ်ပါ။ သို့သော် ဤ*လမ်းညွှန်ချက်*ပါအချက်အချို့ကို နိုင်ငံပိုင်ဥပဒေ (သို့)အပြည်ပြည်ဆိုင်ရာ ကတိကဝတ်ထားရှိလုပ်ဆောင်မှုများဖြင့်ထိန်းချုပ်နိုင်သည်။ MNEs များသည် ဤ*လမ်းညွှန်ချက်*ပါအကြံပေးချက်များကိုလိုက်နာရန်ဖြစ်ပြီး ဤ*လမ်းညွှန်ချက်များ*ကိုလိုက်နာရန် သဘောတူလက်ခံထားသောနိုင်ငံများသည် ဤအကြံပေးချက်များကို အကောင်အထည်ဖော်ရန်အခိုင်အမာတာဝန်ရှိပါသည်။ ဤ*လမ်းညွှန်ချက်များ*ကိုအများသိအောင်ပြုလုပ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့တွင်လက်တွေ့သုံးစွဲသောစနစ်မှာ သက်ဆိုင်ရာနိုင်ငံများမှ ဤ*လမ်းညွှန်ချက်များ*အပေါ်အရေးထားမှုကို သက်သေပြပါသည်။ ဤနည်းလမ်း၏နောက်ကွယ်မှရည်ရွယ်ချက်မှာ ကမ္ဘာလုံးဆိုင်ရာကော်ပိုရိတ်တာဝန်သိမှုနှင့် ပတ်သက်သည့်စိမ်ခေါ်မှုများကို အောင်မြင်စွာကျော်လွှားနိုင်ရန်အတွက် သက်ဆိုင်သူပေါင်းစုံအကြားအပြန်အလှန်ယုံကြည်မှုရှိသောပတ်ဝန်းကျင်ကို အဓိကထား၍တည်ဆောက်ရန်ဖြစ်သည်။

## ဆီလျော်သောလုံ့လဝီရိယနှင့် တာဝန်သိကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု ဖြစ်စဉ်အဆင့်ဆင့်စီမံခန့်ခွဲရေး ဆိုင်ရာကျယ်ပြန့်သောနည်းလမ်း

ဤ*လမ်းညွှန်ချက်များ*သည် ကုလသမဂ္ဂ၏စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာမူဝါဒလမ်းညွှန်ချက်များ၌ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးများကို လေးစားလိုက်နာရန်ဆိုသည့်ကော်ပိုရိတ်တာဝန်သိမှုကိုထည့်သွင်းရေးဆွဲထားသော ပထမဆုံးအပြည်ပြည်ဆိုင်ရာကိရိယာဖြစ်သည်။ ဤ*လမ်းညွှန်ချက်များ*သည် စီးပွားရေးလုပ်ငန်းဆိုင်ရာကျင့်ဝတ်များနှင့်စပ်လျဉ်းသည့်အဓိကကဏ္ဍများတွင် ဖြစ်နိုင်ချေရှိသောအန္တရာယ်ကိုအခြေခံသည့် ဆီလျော်သောလုံ့လဝီရိယကို ထည့်သွင်းစဉ်းစားထားသည့် ပထမဆုံးအပြည်ပြည်ဆိုင်ရာကော်ပိုရိတ်တာဝန်ကိရိယာလည်းဖြစ်သည်။ ဆီလျော်

သောလုံ့လဝီရိယ၏ သဘာဝနှင့်အတိုင်းအတာသည် အခြေအနေတစ်ခုချင်းစီပေါ်၌မူတည်၍ အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်းများ၏ ခက်ခဲနက်နဲမှုသဘာဝကို ထောက်ရှုကြည့်လျှင် ဤအချက်သည် အရေးကြီးသောအချက်တစ်ချက်ဖြစ်သည်။

### အားလုံးအတွက်သင့်တော်သောကျင့်ထုံးများ

အပြည်ပြည်ဆိုင်ရာမူဝါဒများ၊ စံချိန်များနှင့်ကိုက်ညီမှုဖြင့်ပြသခဲ့သည့်အတိုင်း ဤ*လမ်းညွှန်ချက်များ*သည် တကမ္ဘာလုံးနှင့်ဆိုင်သောတန်ဘိုးများပေါ်တွင်အခြေခံသည်။ ၄င်းတို့သည် ရေရှည်ခံသောဖွံ့ဖြိုးမှုကို MNEs များက အပြုသဘောဖြင့်အကျိုးသက်ရောက်စေနိုင်သည့် အထောက်အကူပြုခြင်းဖြင့် ပိုမိုပွင့်လင်းသောရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်နှင့် တန်းတူညီမျှလုပ်ကိုင်ဆောင်ရွက်မှုကို တိုးမြှင့်အားပေးသည်။ ဤသို့ဖြင့် ၄င်းတို့သည် လုပ်ငန်းအဖွဲ့အစည်းအားလုံး၏အကျိုးအတွက် — မည်သည့်အရပ်တွင် အရင်းခံသည်ဖြစ်စေ၊ လှုပ်ရှားဆောင်ရွက်သည်ဖြစ်စေ၊ ဤ*လမ်းညွှန်ချက်များ*ကိုလိုက်နာရန် သဘောတူထားခြင်းမရှိသောနိုင်ငံများဖြစ်စေ — ဖြစ်သင့်သည်။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများသည် အကြီးစားလုပ်ငန်းအဖွဲ့အစည်းများနှင့် တန်းတူစွမ်းဆောင်နိုင်အားမရှိသော်လည်း ဤ*လမ်းညွှန်ချက်များ*ကိုအတတ်နိုင်ဆုံး အပြည့်အဝ လိုက်နာသင့်ပါသည်။

### ခေတ်နှင့်လျော်ညီစွာ ပုံမှန်ပြင်ဆင်ထားခြင်း

ဤလမ်းညွှန်ချက်များကို (၁၉၇၆)ခုနှစ်က ပထမဆုံးပြဌာန်းသုံးစွဲခဲ့ပြီး၊ ကမ္ဘာ့တာဝန်သိစီးပွားရေးကျင့်ထုံးလမ်းစဉ်တွင် ရှေ့တန်း၌အမြဲဆက်လက်တည်ရှိနေစေရန်နှင့် အစဉ်မပြတ်ပြောင်းလဲနေသောကမ္ဘာ့စီးပွားရေးရှုခင်းတွင် ရှေ့တန်းမှခေါင်းဆောင်ကိရိယာဖြစ်နေရန်ရည်ရွယ်၍ ၄င်းအချိန်မှစ၍ ငါးကြိမ်မွမ်းမံပြင်ဆင်ခဲ့ရာ နောက်ဆုံးအကြိမ်မှာ (၂၀၁၁)ခုနှစ်က ဖြစ်ပါသည်။

| **လမ်းညွှန်ချက်အကျဉ်းချုပ်** | |
|---|---|
| ✔ | အကြောင်းအရာစုံလင်ခြင်း |
| ✔ | အစိုးရထောက်ခံမှုရရှိခြင်း |
| ✔ | တစ်မူထူးခြားသောအကောင်အထည်ဖော်မှုယန္တရား |
| ✔ | မိမိဆန္ဒအရလိုက်နာသော်လည်း မျှော်လင့်ချက်များကိုထင်ဟပ်ထားခြင်း |
| ✔ | ဆီလျော်သောလုံ့လဝီရိယနှင့် တာဝန်သိကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု ဖြစ်စဉ်အဆင့်ဆင့်စီမံခန့်ခွဲရေးဆိုင်ရာ ကျယ်ပြန့်သောနည်းလမ်း |
| ✔ | အားလုံးအတွက်သင့်တော်သောကျင့်ထုံးများ |
| ✔ | ခေတ်နှင့်လျော်ညီစွာပုံမှန်ပြင်ဆင်ထားခြင်း |
| × | ပြည်တွင်းဥပဒေ၏အစားထိုး မဟုတ်ပါ။ |
| × | ကိုယ်ကျိုးကာကွယ်ရေးအမြင်ဖြင့်သာပြင်ဆင်ထားခြင်းမဟုတ်ပါ |

## ၁၉၇၆—၂၀၁၃။ နှစ်ပေါင်းလေးဆယ် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးလိုက်နာကျင့်သုံးမှု

### (၂၀၁၁)ခုနှစ် — *လမ်းညွှန်ချက်များ* ပြင်ဆင်မွမ်းမံခြင်း

(၁၉၇၆)ခုနှစ်၌ ပထမဆုံးအကြိမ်စတင်အတည်ပြုကျင့်သုံးချိန်မှစ၍ နှစ်ပေါင်းလေးဆယ်နီးပါးအကြာတွင် ဤ*လမ်းညွှန်ချက်များ*ကို (၂၅)ရက်နေ့၊ မေလ (၂၀၁၁)ခုနှစ်တွင်ကျင်းပသော အိုအီးစီဒီ၏နှစ်ငါးဆယ်မြောက် ဝန်ကြီးဌာနအဆင့်ကောင်စီအစည်းအဝေး၌ ပဥ္စမအကြိမ်အဖြစ် ခေတ်နှင့်လျော်ညီစွာမွမ်းမံပြင်ဆင်ခဲ့သည်။

တနှစ်တာကာလကြာ သက်ဆိုင်သူပေါင်းစုံပါဝင်သော ခေတ်နှင့်လျော်ညီအောင်ပြင်ဆင်မွမ်းမံခြင်းအစီအစဉ်၌ သက်ဆိုင်သူပေါင်းစုံနှင့် ၄င်းတို့၏ဖက်စပ်လုပ်ငန်းရှင်များ လေးနက်စွာအပြန်အလှန်ဆွေးနွေးညှိနှိုင်းခြင်းပါဝင်သည်။ ဤ*လမ်းညွှန်ချက်များ*လိုက်နာရန်ကတိကဝတ်မပြုထားသော G-20 နိုင်ငံအားလုံးကိုလည်း တပြေးညီသတ်မှတ်၍ဖိတ်ကြားခဲ့ရာ ၄င်းတို့သည် အာရှ၊ အာဖရိက၊ လက်တင်အမေရိကနှင့် အရှေ့အလယ်ပိုင်းနှင့် မြောက်အမေရိကတို့မှ ဒေသတွင်းဆွေးနွေးအကြံ ပြုမှုများကဲ့သို့ပင် အရေးပါသောပံ့ပိုးမှုများပေးခဲ့သည်။

BIAC, TUAC နှင့် အိုအီးစီဒီစောင့်ကြည့်ရေးအဖွဲ့တို့သည် စီးပွားရေးလုပ်ငန်း၊ အလုပ်သမားအသင်းအဖွဲ့များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏အမြင်များကို ကိုယ်စားပြုခဲ့သည်။ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာ အထူးကိုယ်စားလှယ်ဖြစ်သော Professor John Ruggie က နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ် (ILO)နှင့် အခြားအပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကဲ့သို့ပင် အကြံပေးထင်မြင်ချက်များကို အကျယ်တဝင့်ထည့်သွင်းပြောကြားသွားသည်။

အိုအီးစီဒီကော်မီတီအများအပြားက သက်ဆိုင်ရာအထူးပြုအခန်းများ၏ပြန်လည်ပြင်ဆင်ခြင်းတွင် ပါဝင်ပံ့ပိုးခဲ့ကြရာ အောက်ပါတို့ပါဝင်သည်။ ပြိုင်ဆိုင်မှု၊ စားသုံးသူမူဝါဒ၊ ကော်ပိုရိတ်အုပ်ချုပ်ခန့်ခွဲမှု၊ အလုပ်သမားငှားရမ်းခန့်ထားခြင်း၊ လုပ်အားနှင့် လူမှုရေးကိစ္စရပ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးမူဝါဒ၊ အခွန်ရေးရာကိစ္စရပ်များနှင့် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်းများတွင် လာဘ်ပေးလာဘ်ယူမှုကို လေ့လာထိန်းချုပ်သောကော်မီတီ။

*လမ်းညွှန်ချက်များ*၏ပြောင်းလဲချက်များတွင် အောက်ပါတို့ပါဝင်သည်။

- ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာမူဝါဒလမ်းညွှန်ချက်များနှင့်ကိုက်ညီသော လူ့အခွင့်အရေး ဆိုင်ရာအခန်းသစ်
- ဆီလျော်သောလုံ့လဝိရိယနှင့် တာဝန်သိ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု ဖြစ်စဉ်အဆင့်ဆင့်စီမံခန့်ခွဲရေးနှင့် ပတ်သက်၍ စုံလင်သောချဉ်းကပ်နည်းသစ်
- အလုပ်သမားငှားရမ်းခန့်ထားခြင်းနှင့် အလုပ်ရှင်အလုပ်သမား ဆက်ဆံရေး၊ လာဘ်ပေး လာဘ်ယူ၊ လာဘ်တောင်းမှုနှင့် ခြောက်လှန့်၍လာဘ်တောင်းယူမှုတိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စားသုံးသူအကျိုး၊ ထုတ်ဖော်ကြေညာချက်၊ အခွန်ကောက်ခံခြင်းစသည့် အထူးပြုအခန်းအများအပြား၌ အရေးကြီးသော ပြောင်းလဲ ချက်များ
- NCPs များ၏အခန်းကဏ္ဍကို ပိုမိုခိုင်မာစေရန်၊ ၄င်းတို့၏လုပ်ဆောင်မှု ပိုမိုကောင်းမွန်စေရန်နှင့် ညီညွတ်မှုကို အားပေးရန် ရည်ရွယ်သည့် ပိုမိုရှင်းလင်း၍ခိုင်မာသောလုပ်ဆောင်နည်းများ
- လုပ်ငန်းအဖွဲ့အစည်းများက စိမ်ခေါ်မှုအသစ်များပေါ်လာသည့်အခါ ၄င်းတို့၏တာဝန်ကျေပွန်အောင် ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်စေရန် ဖြစ်လာမှတုန့်ပြန်ခြင်းထက် ဖြစ်အောင် အခြေအနေကိုဖန်တီးယူသော အစီအစဉ်ကို ထည့်သွင်းစဉ်းစားထားခြင်း
- အင်တာနက်လွတ်လပ်မှုနှင့် သက်ဆိုင်သူများ၏ပါဝင်ရန်ခိုင်မာစွာသန္နိဋ္ဌာန်ချမှုနှင့်စပ်လျဉ်းသည့် ဖန်တီးမှုအသစ်များ

*"စီးပွားရေးလုပ်ငန်းများသာမက အလုပ်သမားအင်အားစုများနှင့် နီးကပ်စွာဆွေးနွေးညှိနှိုင်း၍ပြင်ဆင်ထားသော အပြည်ပြည်ဆိုင်ရာလုပ်ငန်း အဖွဲ့အစည်းများအတွက်အိုအီးစီဒီလမ်းညွှန်ချက်များသည် ကျွန်မတို့၏ကုမ္ပဏီများလည်ပတ်လုပ်ရှားပုံနှင့်ပတ်သက်၍ လူ့အခွင့်အရေးဆိုင်ရာ အခန်းသစ်အပါအဝင် ပိုမိုမြင့်မားသောစံချိန်အသစ်ကို သတ်မှတ်ပေးပါသည်။"*

ဟီလာရီကလင်တန်၊ အမေရိကန်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး၊ (၂၀၁၁)ခုနှစ်၊ အိုအီးစီဒီ နှစ်(၅၀)မြောက် ဝန်ကြီးအဆင့် ကောင်စီအစည်းအဝေး၏ဥက္ကဋ္ဌ

*"ပြင်ဆင်မွမ်းမံထားသော အိုအီးစီဒီလမ်းညွှန်ချက်များသည် လူ့အခွင့်အရေးများကိုထိန်းသိမ်းစောင့်ရှောက်ရန်မှာ ကော်ပိုရိတ်တာဝန်ပင်ဖြစ်သည် ဆိုသည့် ကုလသမဂ္ဂ၏ဘောင်အတွင်းမှဒုတိယမဏ္ဍိုင်ကို ထည့်သွင်းထားသောအစိုးရပေါင်းစုံပါဝင်သည့်ပထမဆုံးကိရိယာဖြစ်သည်။ ၄င်းတို့ သည် လမ်းညွှန်မူဝါဒများ၏လူ့အခွင့်အရေးအတွက်ဖြစ်နိုင်ချေရှိသောအန္တရာယ်ပေါ်အခြေခံသည့်ဆီလျော်သောလုံ့လဝိရိယကို ထည့်သွင်းစဉ်းစား ထားသည့် ပထမဆုံးမူဝါဒလည်းဖြစ်၍ စီးပွားရေးကျင့်ဝတ်ဆိုင်ရာ အခြားအဓိကအခန်းကဏ္ဍ အားလုံးနှင့်လည်းသက်ဆိုင်သည်။"*

ပရော်ဖက်ဆာ ဂျွန် ရပ်ဂျီ
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်၊ (၂၀၁၁)ခုနှစ်

## ကမ္ဘာ့တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးအစီအစဉ်သစ်

### စိတ်ကူးများကိုလုပ်ရပ်များအဖြစ်အသွင်ပြောင်းရန်သမိုင်းဝင်အခွင့်အရေး

တစ်ခါမျှမကြုံဖူးသောအတွေ့အကြုံတစ်ခုဖြစ်သည့် တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးကိုဖွဲ့စည်းထားမှုအပေါ် အပြည်ပြည်ဆိုင်ရာမှအမြင် ကိုက်ညီမှုနှင့်ရှေ့နောက်ညီခြင်းသည် (၂၀၁၁)ခုနှစ် *လမ်းညွှန်ချက်များ* ပြန်လည်မွမ်းမံခြင်းနှင့် (၂၀၀၈)ခုနှစ် ကုလသမဂ္ဂ၏"ကာကွယ်၊ လေးစား၊ ပြုပြင်"ဟူသောမူဘောင်ကို လှုပ်ရှားလည်ပတ်စေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးလမ်းညွှန်မူဝါဒများအပေါ် တညီတညွတ်အတည်ပြုပြဋ္ဌာန်းချက်၏ရလဒ်အဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤအမြင်ကိုက်ညီမှုသည် လူမှုရေးတာဝန်ဆိုင်ရာလမ်းညွှန်မှု အိုင်အက်စ်အို ၂၆၀၀၀ (ဣဆူ ၂၆၀၀၀)၊ ပြန်လည်မွမ်းမံထားသော အိုင်အက်ဖ်စီ (ဣ) လုပ်ဆောင်ချက်စံများအပြင် တရားဝင်ထောက်ခံထားသော ထုတ်ကုန်ခရက်ဒစ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ ဆီလျော်သောလုံ့လဝိရိယတို့အတွက် အများသုံး ချဉ်းကပ်ပုံများဆိုင်ရာကောင်စီ၏ ပြန်လည်မွမ်းမံထားသောအိုအီးစီဒီအကြံပေးချက်များအပါအဝင် အခြားအပြည်ပြည်ဆိုင်ရာ စံများတွင်လည်း သံစဉ်ဟပ်လျက်ရှိသည်။

### ပိုမိုရှင်းလင်းခိုင်မာသောမူဝါဒများနှင့်စံများ

ရလဒ်မှာ စီးပွားရေးလုပ်ငန်းများကို မည်ကဲ့သို့နားလည်ရမည်၊ လှုပ်ရှားလုပ်ဆောင်မှုများ၏ ဖြစ်နိုင်ချေရှိသောအန္တရာယ် များကို မည်ကဲ့သို့တုန့်ပြန်ရမည်၊ အစိုးရများက ဤကဲ့သို့တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးများကို မည်ကဲ့သို့ပံ့ပိုး၍အများသိအောင်လုပ်ဆောင်ရမည်စသည့်အချက်များနှင့်စပ်လျဉ်း၍ အခြေခံစံများကို ပိုမိုရှင်းလင်းစွာနားလည် နိုင်ခြင်း ဖြစ်သည်။ ဤအချက်ကတဖန် စီးပွားရေးလုပ်ငန်းများကို ၄င်းတို့၏တာဝန်ကျေပွန်ရေးအတွက် လိုအပ်သော လုပ်ဆောင်ချက်အဆင့်ဆင့်ဖြင့်ဖြည့်ဆည်းပေး၍ သက်ဆိုင်သူအပေါင်းအား တရားမျှတလက်ခံနိုင်သောမျှော်လင့်ချက်များ မပြည့်မီခြင်းရှိခဲ့ပါက ၄င်းတို့ကတာဝန်ခံနိုင်စေမည့် ပိုမိုခန့်မှန်းရလွယ်သောစီးပွားရေးဝန်းကျင်ကို ဖန်တီးပေးသည်။

## တာဝန်သိစီးပွားရေး လုပ်ငန်းကျင့်ထုံးဆိုင်ရာကမ္ဘာ့ဖိုရမ်

အိုအီးစီဒီသည် အပြည်ပြည်ဆိုင်ရာအပြန်အလှန်ဆက်ဆံရေးပိုမိုအားသန်စေရန်နှင့် *လမ်းညွှန်ချက်များ*ကို ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးကိုပံ့ပိုးရန်ရည်ရွယ်၍ (၂၀၁၃)ခုနှစ်တွင် တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးဆိုင်ရာ ကမ္ဘာ့ ဖိုရမ်ကို စတင်ခဲ့သည်။

## ကမ္ဘာ့ တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးအစီအစဉ်သစ်

### စိတ်ကူးများကို လုပ်ရပ်များအဖြစ်အသွင်ပြောင်းရန် သမိုင်းဝင်အခွင့်အရေး

တစ်ခါမျှမကြုံဖူးသောအတွေ့အကြုံတစ်ခုဖြစ်သည့် တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးကိုဖွဲ့စည်းထားမှုအပေါ် အပြည်ပြည်ဆိုင်ရာမှအမြင်ကိုက်ညီမှုနှင့်ရှေ့နောက်ညီခြင်းသည် (၂၀၁၁)ခုနှစ် *လမ်းညွှန်ချက်များ* ပြန်လည်မွမ်းမံခြင်းနှင့် (၂၀၀၈)ခုနှစ် ကုလသမဂ္ဂ၏"ကာကွယ်၊ လေးစား၊ ပြုပြင်"ဟူသောမူဘောင်ကို လုပ်ရှားလည်ပတ်စေသည့် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ စီးပွားရေးနှင့် လူ့အခွင့်အရေးလမ်းညွှန်မူဝါဒများအပေါ် တညီတညွတ်အတည်ပြုပြဌာန်းချက်၏ရလဒ်အဖြစ် ထွက်ပေါ်လာခြင်းဖြစ်သည်။ ဤအမြင်ကိုက်ညီမှုသည် လူမှုရေးတာဝန်ဆိုင်ရာလမ်းညွှန်မှု အိုင်အက်စ်အို ၂၆၀၀၀ (ISO 26000)၊ ပြန်လည်မွမ်းမံထားသော အိုင်အက်ဖ်စီ (IFC) လုပ်ဆောင်ချက်စံများအပြင် တရားဝင်ထောက်ခံထားသော ထုတ်ကုန်ခရက်ဒစ်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးဆိုင်ရာ ဆီလျော်သောလုံ့လဝိရိယတို့အတွက် အများသုံးချဉ်းကပ်ပုံများဆိုင်ရာကောင်စီ၏ ပြန်လည်မွမ်းမံထားသောအိုအီးစီဒီအကြံပေးချက်များအပါအဝင် အခြားအပြည်ပြည်ဆိုင်ရာစံများတွင်လည်း သံစဉ်ဟပ်လျက်ရှိသည်။

### ပိုမိုရှင်းလင်းခိုင်မာသောမူဝါဒများနှင့်စံများ

ရလဒ်မှာ စီးပွားရေးလုပ်ငန်းများကို မည်ကဲ့သို့နားလည်ရမည်၊ လုပ်ရှားလုပ်ဆောင်မှုများ၏ ဖြစ်နိုင်ချေရှိသောအန္တရာယ်များကို မည်ကဲ့သို့တုန့်ပြန်ရမည်၊ အစိုးရများက ဤကဲ့သို့တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးများကို မည်ကဲ့သို့ပံ့ပိုး၍အများသိအောင်လုပ်ဆောင်ရမည်စသည့် အချက်များနှင့်စပ်လျဉ်း၍ အခြေခံစံများကို ပိုမိုရှင်းလင်းစွာနားလည်နိုင်ခြင်းဖြစ်သည်။ ဤအချက်ကတဖန် စီးပွားရေးလုပ်ငန်းများကို ၄င်းတို့၏တာဝန်ကျေပွန်ရေးအတွက် လိုအပ်သောလုပ်ဆောင်ချက်အဆင့်ဆင့်ဖြင့်ဖြည့်ဆည်းပေး၍ သက်ဆိုင်သူအပေါင်းအား တရားမျှတလက်ခံနိုင်သောမျှော်လင့်ချက်များ မပြည့်မှီခြင်းရှိခဲ့ပါက ၄င်းတို့ကတာဝန်ခံနိုင်စေမည့် ပိုမိုခန့်မှန်းရလွယ်သောစီးပွားရေးဝန်းကျင်ကို ဖန်တီးပေးသည်။

### တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးဆိုင်ရာကမ္ဘာ့ဖိုရမ်

အိုအီးစီဒီသည် အပြည်ပြည်ဆိုင်ရာအပြန်အလှန်ဆက်ဆံရေးပိုမိုအားသန်စေရန်နှင့် *လမ်းညွှန်ချက်များ*ကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးကို ပံ့ပိုးရန်ရည်ရွယ်၍ (၂၀၁၃)ခုနှစ်တွင် တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးဆိုင်ရာ ကမ္ဘာ့ဖိုရမ်ကို စတင်ခဲ့သည်။

### လမ်းညွှန်ချက်များကို တစ်ချက်အကြည့်

အချို့အမြင်သဘောထား၊ မူဝါဒနှင့်ပေါ်လစီများသည် *လမ်းညွှန်ချက်*ပါအကြံပြုချက်အားလုံး၏အခြေခံဖြစ်၍ ၄င်းတို့ကိုနားလည်ခြင်းသည် ဤကိရိယာကိုထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် မရှိမဖြစ်လိုအပ်သည်။ ၄င်းအချက်အချို့ကို အောက်ပါစာရင်းတွင်ဖော်ပြထားသည်။ ဤစာရင်းတွင်မပါသောအခြားအချက်အလက်များလည်းရှိနိုင်၍ ပါဝင်သောအချက်အလက်များနှင့်ပါဝင်မှုအစဉ်သည် ၄င်းတို့က *လမ်းညွှန်ချက်*ပါအခြားအချက်အလက်များထက်အရေးသာမှုကို ကိုယ်စားမပြုပါ။ ဤ*လမ်းညွှန်ချက်*ပါအချက်အလက်များကို တစ်စုတစ်စည်းတည်းသောစာတမ်းအနေဖြင့် ဖတ်ရှုသုံးစွဲရမည်။ ဤ*လမ်းညွှန်ချက်များ*၏သက်ဆိုင်ရာအခန်းများ၊ စာပိုဒ်များနှင့် ဝေဖန်ချက်ဆောင်ပါးများကို ဤလမ်းညွှန်ချက်များ ၏ ရည်ညွှန်းချက်အနေဖြင့်အလွယ်တကူရှာဖွေနိုင်ရန် သင့်လျော်သလို ကွင်းပိတ်ကွင်းဖွင့်များအတွင်းဖော်ပြ ထားပါသည်။

### အခြေအနေကောင်းသောစီးပွားရေးပတ်ဝန်းကျင်သည် အားလုံး၏အရေးဖြစ်သည်။

ဤ*လမ်းညွှန်ချက်များ*သည် အခြေအနေကောင်းမွန်သောစီးပွားရေးလုပ်ငန်းပတ်ဝန်းကျင်တည်ဆောက်ရေးတွင် လုပ်ငန်းအဖွဲ့အစည်းများသာမက သက်ဆိုင်ရာအဖွဲ့အစည်းအားလုံးက အရေးပါသောအခန်းမှပါဝင်သည်ဟုအသိအမှတ်ပြုကြောင်းနားလည်ရန်အရေးကြီးပါသည်။ ဤ*လမ်းညွှန်ချက်*ပါအကြံပြုချက်များသည် လမ်းညွှန်ချက်ကိုလိုက်နာရန်ကတိပြုထားသောအစိုးရများက ၄င်းအချက်အလက်များကို အကောင်အထည်ဖော်ခြင်း၊ သုံးစွဲမှုကိုအားပေးခြင်း၊ လုပ်ငန်းအဖွဲ့အစည်းများအား အပြည်ပြည်ဆိုင်ရာဥပဒေများနှင့်စာချုပ်ပါဝတ္တရားများအရ သာတူညီမျှဆက်ဆံခြင်းစသည့်တာဝန်များကိုကျေပွန်အောင်ဆောင်ရွက်မည်ဟူသောနားလည်မှုဖြင့်ပြုစုထားခြင်းဖြစ်သည်။ (၁–၉၊ ၁–၁၁) လုပ်ငန်းအဖွဲ့အစည်းများဘက်မှလည်း ၄င်းတို့လုပ်ရှားလုပ်ကိုင်ရာနိုင်ငံအသီးသီးရှိ အတည်ပြုသတ်မှတ်ထားသောမူဝါဒများနှင့် အခြားသက်ဆိုင်သူများ၏အမြင်များကို အပြည့်အဝထည့်သွင်းစဉ်းစားရန်လိုပါသည်။ ဤအမြင်အရ လုပ်ငန်းအဖွဲ့အစည်းများသည် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုမလွဲမသွေရရှိရန်ရည်ရွယ်ချက်ဖြင့် စီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုရေးကဏ္ဍများ၏တိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသင့်သည်။ (၂–အေ ၁)

### ဖြစ်နိုင်ချေနှစ်မျိုး၊ အကြောင်းတစ်ခု

*လမ်းညွှန်ချက်*တလျှောက်လုံးပါအကြံပြုချက်အချို့အတွက် လေသံနှင့်အများဆိုင်အခြေခံမူဝါဒများကို သတ်မှတ်ပြဌာန်းသောအထွေထွေမူဝါဒများသည် စီးပွားရေးနှင့်လူမှုရေးဆက်သွယ်မှု၏ အောက်ဖော်ပြပါရှုထောင့်နှစ်ခုကိုအလေးပေးထားသည်။ ၁) MNEs များ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အပြုသဘောဖြင့်အထောက်အကူပြုနိုင်မှုများ ၂) အဖျက်သဘောလွှမ်းမိုးမှုများကိုရှောင်ကြဉ်ခြင်းနှင့် ထိုလွှမ်းမိုးမှုဖြစ်ပေါ်လာပါက တုန့်ပြန်ခြင်း။

MNEs များ၏အမိနှင့်အိမ်ရှင်နိုင်ငံများရှိစီးပွားရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်လူမှုရေးကဏ္ဍများတွင် အပြုသဘောနှင့် ရေရှည်ခမသောဖွံ့ဖြိုးတိုးတက်မှုများကိုအထောက်အကူပြုနိုင်မှုများသည် မငြင်းနိုင်အောင်သေချာသည်။ တချိန်တည်းမှာပင် MNEs များ၏လုပ်ရှားမှုများသည် အိမ်ရှင်လူမှုအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများအကြား အခက်အခဲများကိုလည်း ဖြစ်ပေါ်စေနိုင်သည်။ ဤကဲ့သို့ အခြေအနေ

နှစ်ခုဖြစ်နိုင်ခြင်းကို ခြုံငုံသောနည်းဖြင့်တုန့်ပြန်ဖြေရှင်းခြင်းသည် *လမ်းညွှန်ချက်များ*၏ တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးများဆိုင်ရာကဏ္ဍကို အပြုသဘောဖြင့်အထောက်အကူပြုသော အရေးအပါဆုံးအချက်အလက်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

**ပြည်တွင်းဥပဒေများကိုလိုက်နာခြင်းသည် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများ၏ ပထမဆုံးဝတ္တရားဖြစ်သည်။**

ဤ*လမ်းညွှန်ချက်များ*သည် ပြည်တွင်းသုံးဥပဒေနှင့် မူဝါဒစည်းမျဉ်းများ၏အစားထိုးလည်းမဟုတ်၊ ထိုဥပဒေကို အစားထိုး ဖုံးလွှမ်းနိုင်သည်ဟုယူဆစရာလည်း မဟုတ်ပါ။ (၁–၂)

*လမ်းညွှန်ချက်*ပါမူဝါဒများ၊ စံချိန်စံညွှန်းများသည် ပြည်တွင်းသုံးဥပဒေနှင့်မူဝါဒစည်းမျဉ်းများနှင့်သဟဇာတမဖြစ်သောနိုင်ငံများတွင် လုပ်ငန်းအဖွဲ့အစည်းများသည် ထိုကဲ့သို့မူဝါဒစံချိန်စံညွှန်းများကို ပြည်တွင်းသုံးဥပဒေများနှင့်ဆန့်ကျင်မှုမဖြစ်စေဘဲ အပြည့်ဝဆုံးလိုက်နာရန်နည်းလမ်းများကို ရှာဖွေရပါမည်။ (၁–၂)

**ဤလမ်းညွှန်ချက်များသည် အားလုံးအတွက်အကျိုးရှိသောလုပ်ထုံးလုပ်နည်းများကို ထင်ဟပ်သည်။**

ဤ*လမ်းညွှန်ချက်များ*သည် MNE များ(မိဘကုမ္ပဏီများနှင့်/(သို့) ဒေသခံအဖွဲ့အစည်းများ)အတွင်းရှိ အဖွဲ့အစည်းအားလုံးကို ဦးတည်ရည်ညွှန်းသည်။ (၁–၄)

ဤ*လမ်းညွှန်ချက်များ*သည် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းလုပ်ငန်းအဖွဲ့အစည်းများအကြား ခွဲခြားဆက်ဆံမှုများ အစပျိုးမိတ်ဆက်ပေးရန် မရည်ရွယ်ပါ။ (၁–၅)

အသေးစားနှင့်အလတ်တန်းစားလုပ်ငန်းများသည် အကြီးစားလုပ်ငန်းများနှင့်တန်းတူစွမ်းရည်ရှိနိုင်မည်မဟုတ်သော်လည်း ၎င်းတို့သည်လည်း *လမ်းညွှန်ချက်များ*ကို တတ်စွမ်းသမျှအပြည့်ဝဆုံးလိုက်နာသင့်ပါသည်။ (၁–၆)

**ကိုယ်ကျိုးတစ်ခုတည်းကာကွယ်ရေးအမြင်သည် လမ်းညွှန်ချက်များ၏ ရည်ရွယ်ချက်မဟုတ်ပါ။**

ဤ*လမ်းညွှန်ချက်များ*ကိုလက်ခံကျင့်သုံးရန်ဝန်ခံထားသောအစိုးရများသည် ၎င်းတို့ကို ကိုယ်ကျိုးတစ်ခုတည်းကာကွယ်ရေး ရည်ရွယ်ချက်ဖြင့် မသုံးသင့်ပါ။ ထို့ပြင် MNEs များက ရင်းနှီးမြှုပ်နှံသောနိုင်ငံများ၌ နှိုင်းယှဉ်နိုင်သောအခွင့် အရေးများကို တစ်နည်းနည်းဖြင့်စိမ်ခေါ်ခြင်းလည်း မဖြစ်သင့်ပါ။

ဤ*လမ်းညွှန်ချက်များ*သည် MNE များ၏လှုပ်ရှားလုပ်ကိုင်မှုများကို အစိုးရမူဝါဒများနှင့်သဟဇာတဖြစ်စေ၍ MNEs များနှင့် ၎င်းတို့လှုပ်ရှားလည်ပတ်နေသည့်လူ့အဖွဲ့အစည်းများအကြား အပြန်အလှန်ယုံကြည်မှု၏အခြေခံကိုပိုမိုအားသန်စေလျက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအခြေအနေကို ပိုမိုကောင်းမွန်စေပြီး MNEs များ၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပေးမှုကို ပိုမိုအားသန်စေရန်ရည်ရွယ်သည်။ (နိဒါန်း – ၁)

အောက်ပါအချက်များသည် ၎င်းယေဘုယျမူဝါဒများကို အပြည့်အစုံမဟုတ်ဘဲတစိတ်တဒေသကို ဖော်ပြထားသည့် စာရင်းဖြစ်သည်။ ဤစာရင်းပါအချက်အလက်အများသည် အထက်ဖော်ပြပါ စီးပွားရေးနှင့် လူမှုရေးဆက်သွယ်မှု၏ ရှုထောင့်နှစ်မျိုးစလုံးကိုခြုံငုံထားသည်မှာ အံ့သြစရာမရှိပါ။

### ဆိုးကျိုးသက်ရောက်မှုများ

လုပ်ငန်းအဖွဲ့အစည်းများသည် ၎င်းတို့၏လုပ်ငန်းလှုပ်ရှားမှုများမှတဆင့် *လမ်းညွှန်ချက်*ပါအချက်အလက်များအပေါ် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ဆိုးကျိုးသက်ရောက်မှုမရှိစေရန်ကြိုးပမ်း၍ ဖြစ်ပေါ်လာပါက ၎င်းဆိုးကျိုးများကိုတုန့်ပြန်ဖြေရှင်းရမည်။ (၂–အေ–၁၁)

လုပ်ငန်းအဖွဲ့အစည်းများသည် ၎င်းတို့ကဆိုးကျိုးသက်ရောက်စေခြင်းမဟုတ်သော်လည်း စီးပွားရေးအဆက်အသွယ်တစ်ခုခုကြောင့် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှု၊ ထုတ်ကုန် (သို့) ဝန်ဆောင်မှုတို့နှင့် တိုက်ရိုက်ဆက်နွယ်နေသော ဆိုးကျိုး သက်ရောက်မှုများမရှိစေရန်နှင့်လျော့ပါးစေရန် တတ်စွမ်းသမျှကြိုးပမ်းရမည်။ ဤအချက်သည် တာဝန်ကို ဆိုးကျိုးသက်ရောက်စေသည့်အဖွဲ့အစည်းထံမှ ၎င်းနှင့်စီးပွားရေးဆက်စပ်မှုရှိသော အဖွဲ့အစည်းပေါ်သို့ လွှဲ၍ပုံချရန် ရည်ရွယ်ခြင်း မဟုတ်ပါ။ (၂–အေ–၁၂)

*လမ်းညွှန်ချက်*ပါအချက်များနှင့်စပ်လျဉ်းသည့်ဆိုးကျိုးသက်ရောက်မှုများကိုတုန့်ပြန်ခြင်းအပြင် လုပ်ငန်းအဖွဲ့အစည်းများသည် ကုန်ကြမ်းပေးသွင်းသူနှင့် တဆင့်ခံကန်ထရိုက်တာများအပါအဝင် ၎င်းတို့၏ဖက်စပ်လုပ်ငန်းရှင်များအား *လမ်းညွှန်ချက်များ*နှင့်ကိုက်ညီသည့် တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးမူဝါဒများကို လိုက်နာကျင့်သုံးရန် သင့်တော်သလို တိုက်တွန်းအားပေးရမည်။ (၂–အေ–၁၃)

**စီးပွားရေးအဆက်အသွယ်ဆိုသည်မှာ ...**

ဤ*လမ်းညွှန်ချက်များ*ကို ကျင့်သုံးရမည့်နယ်ပယ်တွင် လုပ်ငန်းအဖွဲ့အစည်းများ၏ ကိုယ်ပိုင်လှုပ်ရှားလည်ပတ်မှုများနှင့် ၎င်းတို့နှင့်စီးပွားရေးအရဆက်နွယ်နေသူတို့၏လှုပ်ရှားလုပ်ဆောင်မှုများပါဝင်သည်။ လုပ်ငန်းအဖွဲ့အစည်းများသည် ၎င်းတို့က ဆိုးကျိုးသက်ရောက်စေခြင်း မဟုတ်သော်လည်း စီးပွားရေးအဆက်အသွယ်တစ်ခုခုကြောင့် ၎င်းတို့၏လုပ်ငန်းလည်ပတ်မှု၊ ထုတ်ကုန် (သို့) ဝန်ဆောင်မှုတို့နှင့် တိုက်ရိုက်ဆက်နွယ်နေသော ဆိုးကျိုးသက်ရောက်မှုများ မရှိစေရန်နှင့်လျော့ပါးစေရန် တတ်စွမ်းသမျှကြိုးပမ်းရမည်။ (၂–အေ–၁၁)

စီးပွားရေးအဆက်အသွယ်များတွင် ၎င်းတို့၏ဖက်စပ်လုပ်ငန်းရှင်များ၊ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုဖြစ်စဉ်အဆင့်ဆင့် (supply chain) တွင် ပါဝင်သောအဖွဲ့အစည်းများနှင့် ၎င်းတို့၏စီးပွားရေးလုပ်ငန်းလှုပ်ရှားမှုများ၊ ထုတ်ကုန်များ (သို့) ဝန်ဆောင်မှုများနှင့်တိုက်ရိုက်ဆက်နွယ်နေသော အခြားအစိုးရ (သို့) အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အဆက်အသွယ်များ ပါဝင်သည်။ (၂–စီ–၁၄)

လုပ်ငန်းအဖွဲ့အစည်းများအနေဖြင့် စီးပွားရေးအဆက်အသွယ်တစ်ခုခုကြောင့် ၎င်းတို့နှင့်ဆက်နွယ်နေသော ဆိုးကျိုးသက်ရောက်မှုများမရှိစေရန်နှင့်လျော့ပါးစေရန်တတ်စွမ်းသမျှကြိုးပမ်းခြင်းသည် တာဝန်ကို ဆိုးကျိုးသက်ရောက်စေသည့်အဖွဲ့အစည်းထံမှ ၎င်းနှင့်စီးပွားရေးအရဆက်စပ်မှုရှိသောလုပ်ငန်းအဖွဲ့အစည်းပေါ်သို့ လွှဲချရန်ရည်ရွယ်ခြင်းမဟုတ်ဟု နားလည်ရပါမည်။ (၂–အေ–၁၂)

ဤ*လမ်းညွှန်ချက်များ*သည် လုပ်ငန်းအဖွဲ့အစည်းများ၏ ကိုယ်ပိုင်လှုပ်ရှားလည်ပတ်မှုများနှင့် (သို့) ၎င်းတို့၏ စီးပွားရေးအဆက်အသွယ်တစ်ခုခု၏လှုပ်ရှားလုပ်ဆောင်မှုများ၊ ထုတ်ကုန်၊ (သို့) ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းသက်ရောက်နိုင်သော ဆိုးကျိုးများကိုခြုံငုံထားသည်။ ၎င်းတို့၏ကိုယ်ပိုင်လှုပ်ရှားလည်ပတ်မှုများ၌ ဤဆိုးကျိုးများကိုတိုက်ရိုက် (သို့) သွယ်ဝိုက်၍ဖြစ်ပေါ်စေခြင်းကိုရှောင်ကြဉ်ရာတွင် ၎င်းတို့၏ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှု ဖြစ်စဉ်အဆင့်ဆင့် (supply chain) အတွင်း လှုပ်ရှားလုပ်ဆောင်မှုများပါဝင်သည်။

ဆိုးကျိုးများကို"သွယ်ဝိုက်၍ဖြစ်ပေါ်စေခြင်း"ဆိုရာတွင် သိသာထင်ရှားသောဆိုးကျိုးပမာဏဟု အဓိပ္ပာယ်ကောက်ရမည်။ ဆိုလိုသည်မှာ ဆိုးကျိုးကို တိုက်ရိုက်ဖြစ်ပေါ်စေခြင်း၊ ဖြစ်အောင်ကူညီပံ့ပိုးခြင်း၊ အခြားအဖွဲ့အစည်းတစ်ခုအား ဆိုးကျိုးဖြစ်အောင်လုပ်ဆောင်စေရန် မက်လုံးဖန်တီးပေးခြင်းတို့ဖြစ်၍၊ အသေးအမွှား မပြောပလောက်သောဆိုးကျိုးဖြစ်ပေါ်စေခြင်းများ မပါဝင်ပါ။

လုပ်ငန်းအဖွဲ့အစည်းအသီးသီးမှ ဆိုးကျိုးများကိုမည်သို့တုန့်ပြန်ရမည်ဆိုသည်မှာ ဆိုးကျိုးများ၏လုပ်ငန်းအဖွဲ့အစည်းနှင့် ဆက်စပ်မှုအတိုင်းအတာအပေါ်မူတည်သည်။ ဖြစ်နိုင်ချေရှိသောဆိုးကျိုးများကို မဖြစ်အောင်ကာကွယ်ခြင်း (သို့) လျှော့ချခြင်းဖြင့်တုန့်ပြန်၍ အမှန်တကယ်ဖြစ်ပေါ်လာသောဆိုးကျိုးများကို ပျောက်ကင်းအောင်ပြုလုပ်ခြင်းဖြင့် တုန့်ပြန်ရန်ဖြစ်သည်။

**ဆီလျော်သောလုံ့လဝိရိယ**

လုပ်ငန်းအဖွဲ့အစည်းများသည် ဖြစ်နိုင်ချေရှိသောအန္တရာယ်များကိုအခြေခံသည့် ဆီလျော်သောလုံ့လဝိရိယကို ကျင့်သုံးရမည်။ ဥပမာ – လုပ်ငန်းအဖွဲ့အစည်း၏ ဖြစ်နိုင်ချေရှိသောအန္တရာယ်များစီမံခန့်ခွဲရေးစနစ်များတွင်၊ ဖြစ်ပေါ်ပြီးနှင့် ဖြစ်နိုင်ချေရှိသောဆိုးကျိုးသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ရန်၊ မဖြစ်အောင်ကာကွယ်ရန်နှင့်လျှော့ချရန်အပြင် ၎င်းတို့ကိုမည်ကဲ့သို့တုန့်ပြန်မည်ဟုတာဝန်ယူရန်အတွက် လိုအပ်သောလုံ့လဝိရိယကိုထည့်သွင်းစီမံရမည်။ ဆီလျော်သောလုံ့လဝိရိယ၏ သဘောသဘာဝနှင့်အတိုင်းအတာသည် အခြေအနေတစ်ခုချင်းအပေါ်တွင် မူတည်သည်။ (၂–အေ–၁၀)

ဆီလျော်သောလုံ့လဝိရိယဆိုရာတွင် လုပ်ငန်းအဖွဲ့အစည်းများ၏ ဖြစ်ပေါ်ပြီးနှင့် ဖြစ်နိုင်ချေရှိသောဆိုးကျိုးသက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ရန်၊ မဖြစ်အောင်ကာကွယ်ရန်၊ လျှော့ချရန်နှင့် ၎င်းတို့ကို တုန့်ပြန်ရန်နည်းလမ်းများသည် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် ဖြစ်နိုင်ချေရှိသောအန္တရာယ်များစီမံခန့်ခွဲရေးစနစ်တွင် မပါမဖြစ်သောအစိတ်အပိုင်းဖြစ်သည်ဟုမှတ်ယူရမည်။ ၎င်းကို လုပ်ငန်းအဖွဲ့အစည်းအတွက် ပစ္စည်းကိရိယာဆုံးရှုံးမှုရှာဖွေဖော်ထုတ်ရန်နှင့်စီမံခန့်ခွဲရုံထက်ပိုမိုပါက၊ *လမ်းညွှန်ချက်များ*တွင်ဖော်ပြထားသောကိစ္စရပ်များနှင့်စပ်လျဉ်းသည့် ဆိုးကျိုးသက်ရောက်နိုင်ချေရှိမှုများကိုခြုံငုံနိုင်စေရန် ပိုမိုကျယ်ပြန့်သောဖြစ်နိုင်ချေရှိသောအန္တရာယ်များ စီမံခန့်ခွဲရေးစနစ်အတွင်း ထည့်သွင်းနိုင်သည်။ (၂–စီ–၁၄)

ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုဖြစ်စဉ်အဆင့်ဆင့် (supply chain) ကျယ်ပြန့်ကြီးမားသည့်လုပ်ငန်းအဖွဲ့အစည်းများသည် ဆိုးကျိုးသက်ရောက်နိုင်ချေအထင်ရှားဆုံးရှိသည့် ယေဘုယျနယ်ပယ်များကို ရှာဖွေဖော်ထုတ်ရန်နှင့် ၎င်းအန္တရာယ်ရှိနိုင်မှု အကဲဖြတ်ချက်အပေါ်အခြေခံ၍ ဆီလျော်သောလုံ့လဝိရိယအတွက် ကုန်ကြမ်းပံ့ပိုးသူများကို ဦးစားပေးသတ်မှတ်ရန် ဖြစ်ပါသည်။ (၂—စီ—၁၆)

ဆီလျော်သောလုံ့လဝိရိယအကြံပြုချက်များသည် ဆိုးကျိုးသက်ရောက်မှုနှင့်စပ်လျဉ်းသော *လမ်းညွှန်ချက်*ပါအချက်အလက်များနှင့်သက်ဆိုင်ပါသည်။ သိပ္ပံနှင့်နည်းပညာ၊ ပြိုင်ဆိုင်မှုနှင့် အခွန်ကောက်ခံမှုအခန်းများနှင့် မသက်ဆိုင်ပါ။ (၂—စီ—၁၄)

## Leverage ခေါ် ဩဇာဖုံးလွှမ်းမှုဆိုသည်မှာ

Leverage ခေါ်ဩဇာဖုံးလွှမ်းမှုဆိုသည်မှာ လုပ်ငန်းအဖွဲ့အစည်းများက ၎င်းတို့ကိုယ်တိုင်ကြောင့်ဖြစ်စေ၊ စီးပွားရေးအဆက်အသွယ်တစ်ခုခုကြောင့် လုပ်ငန်းအဖွဲ့အစည်းနှင့်စပ်လျဉ်း၍ဖြစ်စေ၊ ဆိုးကျိုးသက်ရောက်မှုများကိုမဖြစ်အောင်ကာကွယ်ရေးနှင့် လျှော့ချရေးအတွက် အပြုအမူကို လွှမ်းမိုးရေးတွင်အသုံးပြုနိုင်သော အရေးကြီးသည့်ကိရိယာတစ်ခုဖြစ်ပါသည်။

လုပ်ငန်းအဖွဲ့အစည်းက နစ်နာမှုဖြစ်ပေါ်စေသည့်အဖွဲ့အစည်း၏ မဟုတ်မမှန်သောလုပ်ရပ်များကို ပြောင်းလဲစေနိုင်သည့် အရည်အချင်းရှိပါက၊ ၎င်းသည် ထိုအဖွဲ့အစည်းပေါ်တွင် **ဩဇာဖုံးလွှမ်းမှု**ရှိသည်။ (၂—စီ—၁၉)

လုပ်ငန်းအဖွဲ့အစည်းများက ၎င်းတို့အားကုန်ကြမ်းပံ့ပိုးသူများ၏အပြုအမူများကိုပြောင်းလဲစေရန် လုပ်ဆောင်နိုင်မှုတွင် **လက်တွေ့အဟန့်အတားဖြစ်နိုင်မှုများ**ရှိပါသည်။ ၎င်းတို့သည် ထုတ်ကုန်လက္ခဏာများ၊ ကုန်ကြမ်းပံ့ပိုးသူအရည်အတွက်၊ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုဖြစ်စဉ်အဆင့်ဆင့်၏ အခြေခံဖွဲ့စည်းပုံနှင့်နက်နဲရှုပ်ထွေးမှု၊ လုပ်ငန်းအဖွဲ့အစည်း၏ ၎င်း၏ကုန်ကြမ်းပံ့ပိုးသူများ(သို့) ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုဖြစ်စဉ်အဆင့်ဆင့်ထဲမှအခြားအဖွဲ့အစည်းများနှင့်ဆက်ဆံရသော ဈေးကွက်အခြေအနေများနှင့် ဆက်စပ်နေပါသည်။

သို့သော် ကုန်ကြမ်းပံ့ပိုးသူများနှင့် စီမံခန့်ခွဲမှုစာချုပ်၊ ကုန်ကြမ်းပံ့ပိုးရန်ရည်စူးသူများအား ကြိုတင်အရည်အချင်း အကဲဖြတ်မှုလိုအပ်ချက်များ၊ မဲပေးပိုင်ခွင့်နှင့် လိုင်စင်(သို့) လုပ်ငန်းခွဲလုပ်ပိုင်ခွင့်သဘောတူညီချက်စသည့် စာချုပ်စာတမ်းများစီစဉ်ခြင်းဖြင့် လွှမ်းမိုးနိုင်သည်။ ဤအချက်များက ဆိုးကျိုးသက်ရောက်မှုများ၏ကြီးလေးမှုနှင့် ဖြစ်နိုင်ချေအတိုင်းအတာ၊ ကုန်ကြမ်းပံ့ပိုးသူများ၏ လုပ်ငန်းအဖွဲ့အစည်းအတွက် အရေးပါမှုအတိုင်းအတာတို့နှင့်တကွ ***သင့်တော်သောတုန့်ပြန်ချက်***ကို ဆုံးဖြတ်ပေးမည်ဖြစ်သည်။ (၂—စီ—၂၁)

- သင့်တော်သောတုန့်ပြန်ချက်များတွင် အောက်ပါတို့ပါဝင်သည်။

  အန္တရာယ်ရှိနိုင်ချေများကိုလျှော့ချရန်ကြိုးပမ်းနေစဉ်ကာလတလျှောက်လုံး ကုန်ကြမ်းပံ့ပိုးသူနှင့် ဆက်လက်ဆက် သွယ်ဆက်ဆံခြင်း၊
- အန္တရာယ်ရှိနိုင်ချေများကိုလျှော့ချရန်ကြိုးပမ်းနေစဉ် ကုန်ကြမ်းပံ့ပိုးသူနှင့်ဆက်သွယ်မှုကိုခေတ္တရပ်ဆိုင်းထားခြင်း၊
- လျှော့ချရန်ကြိုးပမ်းချက်များမအောင်မြင်သည့်နောက်ပိုင်းတွင် (သို့) လုပ်ငန်းအဖွဲ့အစည်းအနေဖြင့် လျှော့ချရန်မဖြစ်နိုင်ဟုသတ်မှတ်လျှင် (သို့) ဆိုးကျိုးသက်ရောက်မှုများနက်နဲကြီးလေးမှုကြောင့်ဖြစ်စေ နောက်ဆုံးနည်းလမ်းအနေဖြင့် ကုန်ကြမ်းပံ့ပိုးသူနှင့် ဖက်စပ်လုပ်ကိုင်မှုဖြတ်တောက်ခြင်း။ ဤသို့ဖက်စပ်လုပ်ကိုင်မှုဖြတ်တောက်လျှင် လုပ်ငန်းအဖွဲ့အစည်းများသည် ဤဆုံးဖြတ်ချက်နှင့်ဆက်စပ်နေသည့်ဖြစ်နိုင်ချေရှိသော လူမှုရေးနှင့်စီးပွားရေးဆိုးကျိုးသက်ရောက်မှုများကိုလည်း ထည့်သွင်းစဉ်းစားရမည်။

လုပ်ငန်းအဖွဲ့အစည်းများသည် ကုန်ကြမ်းပံ့ပိုးသူများနှင့် ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုဖြစ်စဉ်အဆင့်ဆင့် (supply chain) ထဲမှ အခြားအဖွဲ့အစည်းများကိုလည်း ၎င်းတို့၏စွမ်းဆောင်မှုပိုမိုကောင်းမွန်စေရန် အခြားသက်ဆိုင်သူများနှင့်ပူးပေါင်းလျက် ဝန်ထမ်းလေ့ကျင့်မှုသင်တန်းနှင့် အခြားစွမ်းဆောင်ရည်မြှင့်တင်ရေးတို့မှတဆင့်အပါအဝင် *လမ်းညွှန်ချက်များ*နှင့်ကိုက်ညီသောတာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးများကို ၎င်းတို့၏စီးပွားရေးလုပ်ရပ်များတွင်ထည့်သွင်းရေးကိုပံ့ပိုးနိုင်ရန်အတွက် တာဝန်ပေးနိုင်သည်။

ကုန်ကြမ်းပံ့ပိုးသူများသည် စားသုံးသူအများအပြားရှိ၍ ဝယ်ယူသူအမျိုးမျိုး၏ ပဋိပက္ခဖြစ်နိုင်သည့်တောင်းဆိုမှုအမျိုးမျိုးနှင့်ထိတွေ့နိုင်ချေရှိသောနေရာတွင် လုပ်ငန်းအဖွဲ့အစည်းများသည် ဆီလျော်သောပြိုင်ဆိုင်မှုဆန့်ကျင်ရေးကိုထည့်သွင်းစဉ်းစားလျက် သတင်းအချက်အလက်မျှဝေခြင်းအပါအဝင် ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးမှုဖြစ်စဉ်အဆင့်ဆင့်ဆိုင်ရာမူဝါဒများနှင့် ဖြစ်နိုင်ချေရှိသောအန္တရာယ်များကို စီမံခန့်ခွဲရေးနည်းဗျူဟာများကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ၎င်းတို့နှင့် ကုန်ကြမ်းတင်ပို့သူအတူသုံးစွဲသောအခြားလုပ်ငန်းအဖွဲ့အစည်းများနှင့် လုပ်ငန်းနယ်မြေတဝှန်းလုံး၌ ပူးပေါင်းဆောင်ရွက်ရေးကြိုးပမ်းမှုများတွင်ပါဝင်ရန်လိုအပ်သည်။ (၂—စီ—၂၃)

## သက်ဆိုင်သူများ၏ပါဝင်လုပ်ဆောင်ရန်ခိုင်မာစွာကတိပြုမှု

လုပ်ငန်းအဖွဲ့အစည်းများသည် စီမံကိန်းများ(သို့) ပြည်တွင်းလူမှုအသိုင်းအဝိုင်းများအပေါ်တွင် လေးနက်စွာအကျိုးသက်ရောက်နိုင်သည့် အခြားလုပ်ရှားလုပ်ဆောင်မှုများအတွက် အစီအစဉ်ရေးဆွဲခြင်းနှင့်ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့်ပတ်သက်၍၎င်းတို့၏အမြင်ကို အလေးထားစေရေး အတွက် အဓိပ္ပာယ်ပြည့်ဝသောအခွင့်အရေးများဖန်တီးပေးနိုင်ရန် ပတ်သက်ရာသက်ဆိုင်သူများနှင့်ခိုင်မာစွာပူးတွဲလုပ်ကိုင်ရမည်။ (၂—အေ—၁၄)

သက်ဆိုင်သူများ၏ပါဝင်လုပ်ဆောင်ရန်ခိုင်မာစွာကတိပြုမှုတွင် အခြားသက်ဆိုင်သူများနှင့်တွေ့ဆုံစည်းဝေးခြင်း၊ ကြားနာခြင်း (သို့) အကြံဉာဏ်ရယူခြင်းစသည့်အပြန်အလှန်ဆွေးနွေးညှိနှိုင်းလုပ်နည်းစဉ်များဖြင့်ပတ်သက်မှုများပါဝင်သည်။ ထိရောက်မှုရှိသော သက်ဆိုင်သူများ၏ပါဝင်လုပ်ဆောင်ရန်ခိုင်မာစွာကတိပြုမှု၏လက္ခဏာများမှာ နှစ်ဦးနှစ်ဘက် အပြန်အလှန်ဆက်သွယ်ခြင်းနှင့် သက်ဆိုင်သူနှစ်ဘက်စလုံးမှ ပါဝင်သူများ၏ယုံကြည်စိတ်ချမှုပေါ်မူတည်သည်။ ဤခိုင်မာစွာပတ်သက်မှုသည် စီမံကိန်းများ (သို့) ဒေသခံလူမှုအသိုင်းအဝိုင်းများအပေါ် လေးနက်စွာအကျိုးသက်ရောက်မှုရှိနိုင်သည့် ဥပမာ — မြေနှင့်ရေ အလွန်အကျွံသုံးစွဲခြင်းနှင့်ပတ်သက်သောကိစ္စရပ်များကဲ့သို့ အခြားလုပ်ဆောင်မှုများ၌ အစီအစဉ်ရေးဆွဲခြင်းနှင့် ဆုံးဖြတ်ချက်ချခြင်းတွင် အထူးသဖြင့်အထောက်အကူပြုနိုင်သည်။ (၂—စီ—၂၅) ဤကိစ္စသည် သယံဇာတရင်းမြစ်ထုတ်လုပ်ရေးကဏ္ဍတွင် အထူးသဖြင့်အရေးပါသည်။ အဘယ်ကြောင့်ဆိုသော် ဤကဏ္ဍမှလုပ်ရှားလုပ်ဆောင်မှုများသည် များသောအားဖြင့် လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ကျယ်ပြန့်စွာအကျိုးသက်ရောက်မှုရှိလေ့ရှိ၍ ဖြစ်သည်။

## ယုံကြည်စိတ်ချမှုကို မွေးမြူပျိုးထောင်ခြင်း

လုပ်ငန်းအဖွဲ့အစည်းများသည် ၎င်းတို့လည်ပတ်လှုပ်ရှားနေသော လူမှုအသိုင်းအဝိုင်းများနှင့် အပြန်အလှန်ယုံကြည်စိတ်ချမှုဖြင့်ဆက်ဆံရေးကို မွေးမြူပျိုးထောင်ရန်လိုအပ်သည်။ ဤသို့ဆိုရာတွင် ၎င်းတို့၏လှုပ်ရှားမှုများနှင့်ပတ်သက်သူများ၏ အပြည့်ပြည့်ဆိုင်ရာအသိအမှတ်ပြုလူ့အခွင့်အရေးများကိုလေးစားခြင်း (၂—အေ—၂)၊ ဖက်စပ်လုပ်ငန်းရှင်များကို တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးမူဝါဒများကျင့်သုံးစေရန် တိုက်တွန်းအားပေးခြင်း (၂—အေ—၁၃) နှင့် ပြည်တွင်းနိုင်ငံရေးလှုပ်ရှားမှုများတွင် မဆီမလျော်ပါဝင်မှုမပြုရန်ထိန်းသိမ်းခြင်း (၂—အေ—၁၅) တို့ပါဝင်သည်။ ထို့ပြင် သက်ဆိုင်ရာပြဋ္ဌာန်းဥပဒေ (သို့) ထိန်းချုပ်ကွပ်ကဲမှုဘောင်များလေးစားလိုက်နာခြင်းနှင့် လူ့အခွင့်အရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ ကျန်းမာရေး၊ လုံခြုံမှု၊ လုပ်အား၊ အခွန်ကောက်ခံမှု၊ ငွေကြေးဆိုင်ရာမက်လုံး (သို့) ပြဋ္ဌာန်းဥပဒေ (သို့) ထိန်းချုပ်ကွပ်ကဲမှုဘောင်များ၌မပါသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်းသည့်ကင်းလွတ်ခွင့်များတောင်းဆိုခြင်းနှင့်လက်ခံခြင်းတို့ကိုရှောင်ရှားရန်လည်း ပါဝင်သည်။ (၂—အေ—၅) ၎င်းအချက်သည် ထိုစည်းမျဉ်းဘောင်များနှင့်ပတ်သက်၍ လုပ်ငန်းအဖွဲ့အစည်း၏ပြောင်းလဲမှုတောင်းဆိုခွင့်ကို ထိပါးမှုမရှိဘဲ တရားဝင်အများဆိုင်မူဝါဒအကြောင်းများကြောင့် သီးသန့်လွတ်ငြိမ်းခွင့်တောင်းနိုင်သောအခြေအနေများရှိနိုင်ပါသည်။ (၂—စီ—၆) ကိုယ်ပိုင်ထိန်းချုပ်ကွပ်ကဲသောကျင့်ထုံးများနှင့် စီမံခန့်ခွဲမှု စနစ်များကိုလည်း ဖန်တီးအသုံးပြုသင့်ပါသည်။

## လူအင်အားအရင်းအနှီးနှင့် လူ့စွမ်းအားဖွံ့စည်းတည်ဆောက်ခြင်း

လုပ်ငန်းအဖွဲ့အစည်းများက လူအင်အားအရင်းအနှီးနှင့်ဒေသခံလူ့စွမ်းအားဖွံ့စည်းတည်ဆောက်ခြင်းတို့ လုပ်သင့်ပါသည်။ လုပ်ငန်းအဖွဲ့အစည်းများသည် ဒေသခံလူမှုအသိုင်းအဝိုင်းများနှင့်နီးကပ်စွာပူးတွဲလုပ်ဆောင်၍ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးခြင်း၊ ဝန်ထမ်းများအတွက် ကျွမ်းကျင်မှုသင်တန်းအခွင့်အရေးများ လွယ်ကူစွာရရှိစေခြင်းတို့ကိုလည်းလုပ်သင့်ပါသည်။ (၂—အေ၊ ၃—၄) အလုပ်သမားများနှင့် ကောင်းမွန်သောဆက်ဆံရေးသည် အထူးအရေးကြီးပါသည်။ ၎င်းတွင် ကုမ္ပဏီ၏မူဝါဒများကိုလူအများသိရှိစေရန်နှင့် မူဝါဒများနှင့်ကိုက်ညီစွာ လုပ်ဆောင်စေရန်ပံ့ပိုးပေးခြင်း၊ တရားဥပဒေ၊ *လမ်းညွှန်ချက်များ* (သို့) ကုမ္ပဏီပေါ်လစီများနှင့်ဆန့်ကျင်သောလုပ်ရပ်များကို ရိုးသားစွာ အစီရင်ခံသောအလုပ်သမားများအားခွဲခြားဆက်ဆံမှု (သို့) ပြစ်ဒဏ်ပေးမှုတို့မှရှောင်ကြဉ်ခြင်းတို့ပါဝင်ပါသည်။ (၂—အေ ၈—၉) ဤကဲ့သို့ ကာကွယ်မှုသည် အဂတိလိုက်စားမှုဆန့်ကျင်ရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် နယ်ပယ်များ၌ အထူးသက်ဆိုင်သည့်အပြင် *လမ်းညွှန်ချက်*ပါအခြားအကြံပြုချက်များနှင့်လည်း သက်ဆိုင်ပါသည်။

## ကော်ပိုရိတ်အုပ်ချုပ်မှု

ကောင်းမွန်သောကော်ပိုရိတ်အုပ်ချုပ်မှုကို လုပ်ငန်းအဖွဲ့အစည်းများက ကျင့်သုံးသင့်သည်။ ၎င်းတွင် ကောင်းမွန်သော ကော်ပိုရိတ်အုပ်ချုပ်မှု စည်းမျဉ်းမူဝါဒများကိုထောက်ခံပံ့ပိုးခြင်း၊ ထိန်းသိမ်းခြင်းနှင့် ကောင်းမွန်သောလုပ်ရပ်များ ဖန်တီးခြင်းနှင့် လက်တွေ့ကျင့်သုံးခြင်းတို့ ပါဝင်ပါသည်။ ဤအကြံပြုချက်များသည် လုပ်ငန်းအဖွဲ့အစည်းအုပ်စုခွဲများနှင့်လည်း သက်ဆိုင်ပါသည်။ (၂—အေ—၆) ကောင်းမွန်သော ကော်ပိုရိတ် အုပ်ချုပ်မှုကျင့်ထုံးများကို *အိုအီးစီဒီ ကော်ပိုရိတ်အုပ်ချုပ်မှု စည်းမျဉ်းမူဝါဒများ*မှ ထုတ်နှုတ်ရယူနိုင်ပါသည်။ (၂—စီ—၇) နိုင်ငံပိုင် MNEs များအတွက်အထူးသဖြင့်စီမံရေးဆွဲထားသော *နိုင်ငံပိုင်လုပ်ငန်းအဖွဲ့အစည်းများအတွက် အိုအီးစီဒီ၏ကော်ပိုရိတ်အုပ်ချုပ်မှု လမ်းညွှန်ချက်များ*တွင် အုပ်ချုပ်မှုကို သိသိသာသာတိုးတက်စေနိုင်သော အကြံပြုချက်များပါဝင်သည်။ (၂—စီ—၁၀)

## အပြည်အပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများအတွက် အိုအီးစီဒီလမ်းညွှန်မူဝါဒများ၏ အခန်းများ

### ၁။ အမြင်နှင့်မူဝါဒများ

ပထမအခန်းသည် နောက်ဆက်အခန်းများပါ အကြံပြုချက်အားလုံးကို အခြေအနေဆက်စပ်မှုဖြင့်ဖော်ပြ၍ အမြင်နှင့် မူဝါဒများကို အဓိပ္ပာယ်ဖွင့်ဆိုသည်။ ၄င်းတို့သည် (ဥပမာ – နိုင်ငံအဆင့် ဥပဒေစည်းမျဉ်းများကို လေးစားလိုက်နာခြင်းသည် လုပ်ငန်းအဖွဲ့အစည်းများ၏ ပထမဆုံးတာဝန်ဝတ္တရားဖြစ်သည်။) လမ်းညွှန်ချက်မူဝါဒများ၏ သော့ချက်ဖြစ်၍ ၄င်းတို့၏နောက်ကွယ်မှအခြေခံသဘောထားများကို ဖွင့်ဆိုထားသည်။

### ၂။ အထွေထွေမူဝါဒများ

ဤအခန်းသည် လုပ်ငန်းအဖွဲ့အစည်းများအတွက် နောက်ဆက်အခန်းများတွင်တွေ့ရမည့်အများဆိုင်မူဝါဒဘောင်ကို အထွေထွေမူဝါဒများအဖြစ်ခြုံငုံ၍ အသေးစိတ်အကြံပြုချက်များကိုဖော်ပြထားသည့် ပထမဆုံးအခန်းဖြစ်သည်။ ဤအခန်းတွင် ဆီလျော်သောလုံ့လဝိရိယ အကောင်အထည်ဖော်ခြင်း၊ မလိုလားအပ်သောဖြစ်ရပ်များနှင့်စပ်လျဉ်း၍ တုန့်ပြန်ခြင်း (သို့) သက်ဆိုင်ရာအဖွဲ့အစည်းများ၏ပါဝင်လှုပ်ရှားရန်သန္နိဋ္ဌာန်စသည့် အရေးပါသောစီစဉ်ချက်များပါဝင်သည်။

### ၃။ သတင်းအချက်အလက်များပုံနှိပ်ထုတ်ဝေခြင်း

လုပ်ငန်းအဖွဲ့အစည်းတစ်ခုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြည့်စုံသောသတင်းအချက်အလက်များ အလွယ်တကူရရှိရေးသည် သုံးစွဲသူပေါင်းစုံအတွက်အရေးပါသည်။ ဤအခန်းသည် လုပ်ငန်းအဖွဲ့အစည်းများအား ၄င်းတို့၏လုပ်ရပ်များနှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာမှုနှင့် သတင်းအချက်အလက်များနှင့်စပ်လျဉ်း၍ ပိုမိုရှုပ်ထွေးနက်နဲလာသော ပြည်သူလူထု ၏လိုလားမှုကိုရင်ဆိုင်ရန်အသင့်ဖြစ်မှုတို့ကို အလေးထားရန်သတိပေးသည်။

### ၄။ လူ့အခွင့်အရေးများ

လုပ်ငန်းအဖွဲ့အစည်းများသည် နိုင်ငံတကာအသိအမှတ်ပြုလူ့အခွင့်အရေးများအလုံးစုံနီးပါးအပေါ် အကျိုးသက်ရောက်မှုရှိနိုင်သည်။ ထို့ကြောင့် ၄င်းတို့ကတာဝန်များကိုလေးစားလိုက်နာရန် အရေးကြီးသည်။ ဤအချက်ကိုထောက်၍ ဤ*လမ်းညွှန်ချက်*မူဝါဒအခန်းသစ်သည် ကုလသမဂ္ဂ၏ “ကာကွယ်ရေး၊ လေးစားရေး၊ ပြုပြင်မွမ်းမံရေး”ဆိုသည့် ရည်ညွှန်းချက်ဘောင်နှင့် လုပ်ငန်းအဖွဲ့အစည်းများနှင့်လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ၏လမ်းညွှန်မူဝါဒများကို အမှီပြု၍ အကြံ ယူထားသည်။

### ၅။ အလုပ်သမားငှားရမ်းခန့်ထားရေးနှင့်လုပ်ငန်းဆိုင်ရာဆက်ဆံရေး

OIT သည် နိုင်ငံတကာလုပ်ငန်းခွင်စံညွှန်းများကို သတ်မှတ်ရန်နှင့်လိုက်နာရန်၊ (၁၉၉၈) ခုနှစ်က အတည်ပြုပြဋ္ဌာန်းခဲ့သော လုပ်ငန်းခွင်မူဝါဒနှင့်အခြေခံအခွင့်အရေးဆိုင်ရာကြေညာချက်ကသက်သေပြသည့်အတိုင်း လုပ်ငန်းခွင်၌ အခြေခံအခွင့်အရေးများကိုအားပေးမြှင့်တင်ရန်အတွက် အရည်အချင်းပြည့်ဝသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဤအခန်းသည် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများ၏ လေးစားမှုနှင့် OIT မှ အကျယ်ချဲ့ဖော်ပြထားသည့် နိုင်ငံတကာလုပ်ငန်းခွင်စံချိန်များကိုအားပေးမြှင့်တင်ခြင်းတွင် လမ်းညွှန်မူဝါဒများ၏အရေးပါမှုကို မီးမောင်းထိုးပြသည်။

### ၆။ ပတ်ဝန်းကျင်ထိန်းသိမ်းမှု

ပတ်ဝန်းကျင်ထိန်းသိမ်းမှုအကြောင်းဦးတည်ထားသည့် ဤအခန်းတွင် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများအား ၄င်းတို့၏အဖွဲ့အစည်းတွင်း ပိုမိုကောင်းမွန်သောစီမံခန့်ခွဲမှုနှင့် စီမံကိန်းအစီအစဉ်တို့ဖြင့် ၄င်းတို့၏ပတ်ဝန်းကျင်ထိန်းသိမ်းမှု စွမ်းဆောင်မှုများ ပိုမိုကောင်းမွန်စေရေး၊ ပတ်ဝန်းကျင်ကာကွယ်စောင့်ရှောက်မှုအတွက် အများဆုံးပံ့ပိုးပေးနိုင်ရန်ကူညီခြင်းတို့အတွက် အကြံပြုချက်များကိုစုစည်းဖော်ပြထားသည်။ ဤအခန်းသည် ပတ်ဝန်းကျင်၊ ဖွံ့ဖြိုးရေးနှင့် Agenda 21 တို့နှင့် စပ်လျဉ်းသော ရီယိုကြေညာချက် (Rio Declaration) ပါ မူဝါဒနှင့်ရည်ရွယ်ချက်များကို အဓိကထင်ဟပ်ထားသည်။

### ၇။ ခြစားမှု၊ လာဘ်ပေးလာဘ်ယူနှင့် အခြားအသွင်ဖြင့်အဂတိလိုက်စားမှုများတိုက်ဖျက်ရေး

တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သောနည်းဖြင့်ဖြစ်စေ ခြစားမှုသည် ဤအကျင့်ဆိုးများတိုက်ဖျက်ရေးတွင် အရေးပါသောအခန်းမှပါဝင်သည့် ဒီမိုကရေစီဝါဒကျင့်သုံးသောအဖွဲ့အစည်းများနှင့် လုပ်ငန်းအဖွဲ့အစည်းများ၏အုပ်ချုပ်မှုကို တန်ဘိုးလျော့ကျစေသည်။ အိုအီးစီဒီသည် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများအား ခြစားမှုပပျောက်ရေးတိုက်ပွဲဝင်လျက် တူညီမျှတမှု စည်းမျဉ်းများကမ်းလှမ်းရန်ကြိုးပမ်းမှုများတွင် ကမ္ဘာပေါ်၌ထိပ်တန်းမှနေရာယူထားသည်။ *လမ်းညွှန်ချက်*ပါအကြံပြုချက်များသည် အိုအီးစီဒီ၏ ဤကဏ္ဍနှင့်ပတ်သက်၍ လုပ်ဆောင်ပြီးဖြစ်သော လုပ်ရပ်အများအပြားပေါ်တွင် မှီကိုးထားသည်။

### ၈။ စားသုံးသူများ၏အကျိုးများ

*လမ်းညွှန်ချက်*မူဝါဒများသည် လုပ်ငန်းအဖွဲ့အစည်းများအား စီးပွားဖြစ်လုပ်ငန်းများ၊ ဈေးကွက်နှင့် ကြော်ငြာလုပ်ငန်းများတွင် ကတိတည်သောသောကျင့်ထုံးများလိုက်နာရန်နှင့် ၄င်းတို့၏ထုတ်ကုန်၊ ရောင်းကုန်နှင့် ဝန်ဆောင်မှုများ၏အရည်အသွေးနှင့်ယုံကြည်စိတ်ချရမှုကို အာမခံရန်လှုံ့ဆော်သည်။ ဤအခန်းသည် စားသုံးသူများဆိုင်ရာမူဝါဒကော်မီတီနှင့်အိုအီးစီဒီ၏ဘဏ္ဍာရေးဈေးကွက်ကော်မီတီတို့၏လုပ်ရပ်များအပြင်နိုင်ငံတကာကုန်သည်ကြီးများအသင်း၊ နိုင်ငံတကာ စံညွှန်းသတ်မှတ်ရေးအဖွဲ့အစည်း (သို့) ကုလသမဂ္ဂစသည့် အခြားနိုင်ငံတကာ အဖွဲ့အစည်းများ၏ လုပ်ရပ်များကို မှီကိုး ပြုစုထားသည်။

### ၉။ သိပ္ပံနှင့်နည်းပညာ

ဤအခန်းသည် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများသည် နိုင်ငံတကာနည်းပညာလက်ဆင့်ကမ်းမှုတွင် အရေးပါသောအခန်းမှပါဝင်ကြောင်း အတည်ပြုသည်။ ၎င်းသည် အိမ်ရှင်နိုင်ငံများသို့ နည်းပညာလက်ဆင့်ကမ်းမှုကို အသားပေး၍ ၎င်းနည်းပညာဖြင့်ထိုနိုင်ငံများ၏ ဆန်းသစ်တီထွင်မှုစွမ်းရည်ကိုပိုမိုအားပေးမြှင့်တင်ရန် ဦးတည်သည်။

### ၁၀။ ပြိုင်ဆိုင်မှု

ဤအခန်းတွင် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများသည် ပြိုင်ဆိုင်မှုနှင့်စပ်လျဉ်း၍ ၎င်းတို့၏လှုပ်ရှားလုပ်ဆောင်မှုများမှ ပြိုင်ဆိုင်မှုကိုဆန့်ကျင်သောအကျိုးသက်ရောက်နိုင်သည့်နိုင်ငံအားလုံး၏ ပြိုင်ဆိုင်မှုအခွင့်အရေးများကို ထည့်သွင်းစဉ်းစားလျက် သက်ဆိုင်ရာဥပဒေပြုစည်းမျဉ်းများနှင့်ကိုက်ညီစွာလုပ်ဆောင်ရန် မည်မျှအရေးပါကြောင်းပြသသည်။ လုပ်ငန်းအဖွဲ့အစည်းများသည် နိုင်ငံအဆင့်နှင့်နိုင်ငံတကာအဆင့်ဈေးကွက်များ၏ထိရောက်စွာလုပ်ဆောင်မှုကိုထိခိုက်နိုင်စေသည့် ပြိုင်ဆိုင်မှုကိုဆန့်ကျင်သောသဘောတူညီချက်များချုပ်ဆိုခြင်းကို ရှောင်ကြဉ်ရမည်။

### ၁၁။ အခွန်ကောက်ခံမှု

ဤ*လမ်းညွှန်မှုဝါဒများ*သည် လုပ်ငန်းအဖွဲ့အစည်းများ၏တာဝန်သိမှုနှင့်စပ်လျဉ်း၍ အခွန်ကောက်ခံမှုကို ပထမဆုံး ထည့်သွင်းဖော်ပြထားသည့် နိုင်ငံတကာကိရိယာနည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းတို့သည် အခွန်ကောက်ခံမှု၊ အထူးသဖြင့် အိုအီးစီဒီ၏ အခွန်ကောက်ခံရေးပဋိဉာဏ်စာချုပ်ပုံစံနှင့် ဖွံ့ဖြိုးသောနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအကြား နှစ်ခါပြန်အခွန်ကောက်ခံခြင်းနှင့်စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ပဋိဉာဏ်စာချုပ်ပုံစံစသည့် အရေးပါသောစာတမ်းများအပေါ်မှီကိုး၍ အကျယ်ချဲ့ပြုစုထားသည်။ ဤအရေးပါသောအခန်းတွင် အခွန်ကောက်ခံမှုနှင့်ပတ်သက်၍ အခြေခံအကြံပြုချက်များ ပါဝင်သည်။

## ကျင့်သုံးရန်ကတိပြုထားသောနိုင်ငံများ

ဂျာမဏီ
အာဂျင်တီးနား
ဩစတေ့ျ
ဩစတြီးယား
ဘယ်လဂျီယံ
ဘရာဇီး
ကနေဒါ
ချီလီ
ကိုစတာရီကာ
ကိုလံဘီယာ
ကိုရီးယား
ကိုစတာရီကာ
ဒိန်းမတ်
အီဂျစ်
စပိန်
အက်စတိုးနီးယား
အမေရိကန်
ဖင်လန်
ပြင်သစ်
ဂရိ
ဟန်ဂေရီ
အိုင်ယာလန်
အိုက်စလန်
အစ္စရေး
အီတလီ
ဂျပန်
ဂျော်ဒန်
လက်တိုနီးယား
လစ်သွေးနီးယား
လပ်ခ်ဇန်းဘို
မော်ရိုကို
မက္ကဆီကို
နော်ဝေး
နယူးဇီလန်
ဟော်လန်
ပီရူး
ပိုလန်
ပေါ်တူဂီ
စလိုဗက် ပြည်သူ့သမ္မတနိုင်ငံ
ချက်ပြည်သူ့သမ္မတနိုင်ငံ
ရိုမေးနီးယား
အင်္ဂလန်
စလိုဗေးနီးယား
ဆွီဒင်
ဆွစ်ဇာလန်
တူနီးရှား
တူရကီ
ဥရောပသမဂ္ဂ (စောင့်ကြည့်သူ)

## လမ်းညွှန်ချက်များကို  အကောင်အထည်ဖော်ခြင်း

ပူးတွဲဆောင်ရွက်ခြင်းနှင့်သက်ဆိုင်သူအစုံပါဝင်သောလုပ်ဆောင်ချက်များဖြင့်သာ *လမ်းညွှန်ချက်များ*၏စစ်မှန်သောရည်ရွယ်ချက် နှင့်ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။ လုပ်ငန်းအဖွဲ့အစည်းများသည် ၎င်းတို့၏နေ့စဉ်လုပ်ရားဆောင်ရွက်မှုများတွင် *လမ်းညွှန်ချက်များ*ကို လိုက်နာရန်အဓိကတာဝန်ရှိသည်မှာမှန်သော်လည်း အစိုးရများနှင့် သက်ဆိုင်သူပေါင်းစုံသည်လည်း *လမ်းညွှန်ချက်များ*၏အသွင်နှင့်ထိရောက်မှုကို ပိုမိုလေးနက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့အတွက်အကျိုးသက်ရောက်မှုရှိသည်။ ထို့ပြင် *လမ်းညွှန်ချက်များ*ကို လိုက်နာကျင့်သုံးရန်ဝန်ခံထားသော အစိုးရများတွင် ဝတ္တရားများသတ်သတ်မှတ်မှတ်ရှိသည်။

### နိုင်ငံအဆင့်ဆက်သွယ်ရေးဌာနများ

*လမ်းညွှန်ချက်များ*ကိုလိုက်နာကျင့်သုံးရန်ဝန်ခံထားသောအစိုးရများသည် နိုင်ငံအဆင့်ဆက်သွယ်ရေးဌာနများ (National Conctact Points – NCPs) ဖွဲ့စည်းသတ်မှတ်ရမည်။ ၎င်း NCPs များ၏အဓိကအခန်းမှာ ဤ*လမ်းညွှန်ချက်များ* ပိုမိုအကျိုးထိရောက်စေရန်အတွက် ၎င်းတို့အကြောင်းကိုလူသိများစေသည့်လုပ်ဆောင်ချက်များ၊ သတင်းပြန်ကြားရေးနှင့် *လမ်းညွှန်ချက်များ*မလိုက်နာခြင်းကြောင့်ဟုဆိုသောစွပ်စွဲချက်ကြောင့် ပေါ်ပေါက်လာသည့်ကိစ္စရပ်များတွင် ဝိုင်းဝန်းစေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်းတို့ လုပ်ဆောင်ရန်ဖြစ်သည်။

*လမ်းညွှန်ချက်များ*ကိုလိုက်နာကျင့်သုံးရန်ဝန်ခံထားသောနိုင်ငံများသည် NCPs များကို *လမ်းညွှန်ချက်*ပါကိစ္စရပ်အမျိုးမျိုးကိုထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အခြေခံဖန်တီးပေး၍ သက်ဆိုင်ရာအဖွဲ့ဝင်အစိုးရ၏တာဝန်ခံယူမှုကို လုံလောက်စွာထိန်းသိမ်းလျက် ဘက်မလိုက်ဘဲလုပ်ရားဆောင်ရွက်နိုင်စေသ၍ NCPs များကို ၎င်းတို့သဘောအရ ဆီလျော်သလိုစီစဉ်ဖွဲ့စည်းနိုင်သည်။ NCPs အားလုံးသည် နှိုင်းယှဉ်နိုင်သောနည်းများ ဖြင့်လုပ်ရားလုပ်ကိုင်သည်ကိုသေချာစေရန် functional equivalence ဆိုသော "လုပ်ဆောင်မှုတူညီမှု"နည်းလမ်းကိုအသုံးပြုသည်။ ၎င်း၏အဓိကမှတ်ကျောက်များကို ဘောင်တွင်း၌ဖော်ပြထားသည်။ NCPs များသည် အိုအီးစီဒီရင်းနှီးမြှုပ်နှံမှုကော်မီတီကိုအစီရင်ခံ၍ ၎င်းတို့၏အတွေ့အကြုံများကိုဖလှယ်ရန် ပုံမှန်တွေ့ဆုံသည်။

NCPs များသည် သက်ဆိုင်သူအလွှာစုံ၏ပါဝင်အကြံပြုမှုပေါ်မှီ၍ စီးပွားရေးအသိုင်းအဝိုင်းမှကိုယ်စားလှယ်များ၊ အလုပ်သမားအစည်းအရုံးများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGO) နှင့် *လမ်းညွှန်ချက်များ* ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးကိုပံ့ပိုးပေးနိုင်မည့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများနှင့်ဆက်ဆံရေးများကို ဖန်တီးရန်နှင့် ထိန်းသိမ်းရန် ခိုင်မာစွာသန္နိဋ္ဌာန်ချထားသည်။

| NCPs များအတွက်   အဓိကမှတ်ကျောက်များ |
|---|

**မြင်သာမှု။** *လမ်းညွှန်ချက်များ*ကို လိုက်နာကျင့်သုံးရန်ဝန်ခံထားသောအစိုးရများသည် NCPs များနှင့်စပ်လျဉ်းသည့် အသင့်ရှိသောပံ့ပိုးမှုများအကြောင်းကို စီးပွားရေးအသိုင်းအဝိုင်း၊ အလုပ်သမားအစည်းအရုံးများ၊ NGO များနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများအားအကြောင်းကြားရမည်။ အစိုးရများသည် ၎င်းတို့၏ NCPs များအကြောင်းကို အများသိအောင်ထုတ်ပြန်ကြေညာ၍ *လမ်းညွှန်ချက်များ*ကို လူအများသိစေရန် တက်ကြွသောအခန်းမှပါဝင်လုပ်ဆောင်ရမည်။ (ဆိုလိုသည်မှာ သင်တန်းနှင့်အစည်းအဝေးများ တာဝန်ခံစီစဉ်ပေးခြင်း၊ ၎င်းကို သက်ဆိုင်သူအမျိုးမျိုးနှင့် ပူးတွဲလုပ်ဆောင်ခြင်းဖြင့် ဆောင်ရွက်နိုင်သည်။)

**နားလည်ထိတွေ့ရန်လွယ်ကူခြင်း။** NCPs များနှင့် အလွယ်တကူဆက်သွယ်ထိတွေ့နိုင်မှုသည် ၎င်းတို့၏ထိရောက်စွာလုပ်ရားလည်ပတ်နိုင်မှုအတွက် အရေးပါသည်။ NCPs များအား ထိတွေ့ဆက်သွယ်မှုလွယ်ကူအောင်လုပ်ဆောင်ပေးရေးသည် အရေးကြီးသည်။ NCPs များသည် စစ်မှန်တရားဝင်သည့်သတင်းအချက်အလက် တောင်းဆိုချက်အားလုံးကိုတုန့်ပြန်ဖြေကြား၍ သက်ဆိုင်ရာအဖွဲ့အစည်းအမျိုးမျိုးမှတင်ပြသောအထူးကိစ္စရပ်များကိုလည်း ထိရောက်စွာနှင့်လျင်မြန်စွာကိုင်တွယ်ဖြေရှင်းသည်။

**ပွင့်လင်းမြင်သာမှု။** ပွင့်လင်းမြင်သာမှုသည် NCPs များ၏တာဝန်ယူမှုကိုအထောက်အကူပြု၍ ပြည်သူလူထုအများစု၏ယုံကြည်မှုရရှိရေးတွင် အရေးပါသည်။ NCPs များ၏လုပ်ရားလုပ်ဆောင်မှုများသည် ပွင့်လင်းမြင်သာရမည်။ သို့သော် အထူးကိစ္စရပ်များတွင် NCPs များသည် တရားဝင်ကြားနာမှုများ၌ ယုံကြည်စိတ်ချမှုရှိရေးအတွက်လိုအပ်သည်များကို လုပ်ဆောင် နိုင်ကြောင်းအသိအမှတ်ပြုထားသည်။ သို့သော် *လမ်းညွှန်ချက်များ*ထိရောက်စွာအကောင်အထည်ဖော်ရေးတွင် လျှို့ဝှက်သိုသိပ်မှုကိုထိန်းသိမ်းရန်မလွဲမသွေလိုအပ်သည့်အခြေအနေမှလွဲ၍ အထူးကိစ္စရပ်များ၏ နောက်ဆုံးရလဒ်သည် ပွင့်လင်းမြင်သာမှုရှိမည်။

**တာဝန်ယူမှု။** *လမ်းညွှန်ချက်များ*၏အသွင်ကိုပိုမိုလေးနက်ကောင်းမွန်အောင်ဆောင်ရွက်ရေးတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းနှင့် လုပ်ငန်းအဖွဲ့အစည်းများနှင့်၎င်းတို့လုပ်ရားလုပ်ဆောင်နေသောလူမှုအသိုင်းအဝိုင်းများအကြားခက်ခဲသောကိစ္စရပ်များစီမံခန့်ခွဲရေးကို အထောက်အကူပြုနိုင်မှုအလားအလာသည် NCPs များ၏လုပ်ဆောင်မှုများကို လူမြင်သူမြင်ဖြစ်လွယ်စေသည်။ နိုင်ငံအဆင့်တွင် လွှတ်တော်များသည် အရေးပါသည့်အခန်းကဏ္ဍမှပါဝင်နိုင်သည်။ NCPs များ၏နှစ်စဉ်အစီရင်ခံစာနှင့် ပုံမှန်အစည်းအဝေးများသည် အတွေ့အကြုံဖလှယ်ရန်အခွင့်အရေးများဖန်တီးပေးပြီး အကောင်းဆုံးလုပ်ဆောင်မှုများဖြစ်ပေါ်စေသည်။ အိုအီးစီဒီရင်းနှီးမြှုပ်နှံမှုကော်မီတီသည်လည်း အမြင်ဖလှယ်ခြင်းများစီစဉ်ပေး၍ ထိုအခါများတွင် အတွေ့အကြုံများကိုဖလှယ်၍ NCPs လုပ်ရားမှုများ၏ထိရောက်မှုကိုအကဲဖြတ်နိုင်သည်။

**အထူးကိစ္စရပ်များ**

ဤ*လမ်းညွှန်ချက်များ*သည်သာ တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးများနှင့်ပတ်သက်၍ တစ်ခုတည်းသော အစိုးရထောက်ခံသည့် specific instances ဟုခေါ်သည့်မကျေနပ်ချက်ဖြေရှင်းသည့်ယန္တရားကို ထည့်သွင်းတည်ဆောက်ထားသော အပြည်ပြည်ဆိုင်ရာကိရိယာနည်းနာတစ်ခုဖြစ်သည်။ ဤယန္တရားလက်အောက်တွင် NCPs များသည် ဆွေးနွေးရန်အခြေအနေဖန်တီးပေးရန်နှင့်အဓိကသက်ဆိုင်သူများအား *လမ်းညွှန်ချက်များ* မလိုက်နာခြင်းကြောင့်ဟုဆိုသောစွပ်စွဲချက်ကြောင့် ပေါ်ပေါက်လာသည့်ကိစ္စရပ်များအတွက်အဖြေရှာရေးတွင် ဝိုင်းဝန်းထောက်ပံ့ပေးရန်တာဝန်ရှိပါသည်။ NCPs များသည် ဤသို့ပြုလုပ်ရာတွင် ဘက်မလိုက်သော၊ ကြိုတင်ခန့်မှန်းနိုင်သော၊ ညီမျှသော၊ *လမ်းညွှန်ချက်*ပါ စည်းမျဉ်းမူဝါဒများ၊ စံညွှန်းများနှင့် သဟဇာတဖြစ်သောနည်းလမ်းများကို ကျင့်သုံးလုပ်ဆောင်ရမည်။

specific instances ခေါ်အထူးကိစ္စရပ်များသည် ဥပဒေဆိုင်ရာအမှုများမဟုတ်ဘဲ NCPs များသည် တရားရုံးကဲ့သို့ဆောင်ရွက်နိုင်သောအဖွဲ့အစည်းများမဟုတ်ပါ။ NCPs များသည် ပြဿနာအဖြေရှာရေးကိုအာရုံစိုက်လျက် ၎င်းတို့သည် ရုံးကောင်းများ(Good Offices)နှင့် အပြန်အလှန်သဘောတူ၍ ပဋိပက္ခမဆန်သောဖြေရှင်းနည်းကိုသုံးခွင့် အလွယ်တကူရရန်ပံ့ပိုးပေးသည်။ (ဥပမာ — ကြားဝင်စေ့စပ်ပေးခြင်း၊ ကြားဝင် ညှိနှိုင်းပေးခြင်း)

*လမ်းညွှန်ချက်*ပါစည်းမျဉ်းများကိုမလိုက်နာမှုဟုဆိုသောကိစ္စနှင့်ပတ်သက်၍ သက်ဆိုင်သူမည်သူမဆို NCP သို့ specific instance ခေါ် မကျေနပ်မှုဖွင့်ဟချက်တင်ပို့နိုင်ပါသည်။ မကျေနပ်မှုဖွင့်ဟချက် တင်ပို့ပြီးသောအခါ အောက်ပါအဆင့် သုံးဆင့်ဖြင့် စဉ်းစားဆုံးဖြတ်သည်။

**အဆင့် ၁ — ကနဦးအကဲဖြတ်ချက်** — တင်ပြသောကိစ္စရပ်များသည် ဆက်လက်စုံစမ်းစစ်ဆေးရန် သင့်မသင့်ဆုံးဖြတ်ရန်

**အဆင့် ၂ — ရုံးကောင်းများပံ့ပိုးခြင်း** — အကြံဉာဏ်ရှာဖွေရန်နှင့် အပြန်အလှန်သဘောတူ၍ ပဋိပက္ခမဆန်သော ဖြေရှင်းနည်းကိုသုံးခွင့် အလွယ်တကူရရေးပံ့ပိုးပေးရန်။

**အဆင့် ၃ — စီရင်ချက်ချခြင်း** — မှတ်တမ်းနှင့်အစီရင်ခံစာများထုတ်ပြန်ရန်

ရုံးကောင်းများသည် သက်ဆိုင်ရာအဖွဲ့ဝင်များ၏သဘောတူညီချက်ဖြင့်သာလုပ်ဆောင်နိုင်သည်ဟု နားလည်ရမည်။ သက်ဆိုင်ရာအဖွဲ့အသီးသီး၏ ယုံကြည်စိတ်ချမှုဖြင့်ပါဝင်ဆောင်ရွက်ရန်သန္နိဋ္ဌာန်သည် ကိစ္စရပ်များအောင်မြင်စွာဖြေရှင်းရေးတွင် အဓိကအရေးပါသောအချက်တစ်ခုဖြစ်သည်။ NCP များသည် အရေးကြီးသောသတင်းအချက်အလက်နှင့် သက်ဆိုင်သူများ၏အကျိုးကိုကာကွယ်ရန် လိုအပ်သည်များကိုဆောင်ရွက်မည်။ ရုံးကောင်းများ (Good offices) ၌ ကြားနာချက်များ၏အတွင်းရေးလျှို့ဝှက်ချက်များကို လုံခြုံစွာထိန်းသိမ်းပါမည်။ သက်ဆိုင်ရာအဖွဲ့အစည်းများက နောက်ဆုံးအဆင့်၌ ဖြေရှင်းချက်တစ်စုံတစ်ရာအပေါ်မကျေနပ်မှုရှိခဲ့လျှင် ၎င်းတို့သည် ဤကိစ္စရပ်များနှင့်ပတ်သက်၍ လွတ်လပ်စွာထုတ်ဖော်ပြောကြားခွင့်ဆွေးနွေးခွင့်ရှိပါသည်။ သို့သော် သက်ဆိုင်ရာအခြားအဖွဲ့အစည်းမှပြင်ပသို့ ထုတ်ဖော်ပြောကြားရန် သဘောတူခြင်း၊ (သို့) ဤအချက်သည် နိုင်ငံတော်ဥပဒေ၏ပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ခြင်းတို့မှလွဲ၍ ကြားနာချက်များအတွင်း သက်ဆိုင်ရာ အခြားအဖွဲ့အစည်းမှတင်သွင်းသော သတင်းအချက်အလက်နှင့်အမြင်များကို ပြင်ပသို့မပေါက်ကြားစေရန် ထိန်းသိမ်းထားမည်။

NCPs များကသုံးစွဲနိုင်သောမကျေနပ်မှုဖွင့်ဟချက်များ၌ အချင်းချင်းနားလည်မှုဖြင့်ပြဿနာဖြေရှင်းနည်းအမျိုးမျိုးရှာဖွေဖော်ထုတ်ခြင်းနှင့် ကြားဝင်ညှိနှိုင်းမှုအရည်အချင်းများတိုးတက်ကောင်းမွန်စေရေးတို့ကို (၂၀၁၁) ခုနှစ် *လမ်းညွှန်ချက်* ပြင်ဆင်မွမ်းမံချက်များအရ NCPs များ၏ မြင့်မားသောဦးစားပေးချက် အဖြစ်သတ်မှတ်ထားသည်။ နယ်သာလင်၊ နော်ဝေး နှင့် ဗြိတိန်နိုင်ငံများရှိ NCPs များက NCPs များအနေဖြင့် ကြားဝင်ညှိနှိုင်းရေးလုပ်သင့်၊ မသင့်၊ ကြားဝင်ညှိနှိုင်းရေးကို မည်သည့်အခါနှင့် မည်သို့သုံးသင့်ကြောင်းနှင့် မကျေနပ်မှုဖွင့်ဟချက်များကို ဖြေရှင်းနိုင်သည့် အခြားအချင်းချင်းနားလည်မှုဖြင့်ပြဿနာဖြေရှင်းရေးနည်းလမ်းများကိုရှင်းလင်းထားသော သဘောတူညီမှုတည်ဆောက်ရေးသိပ္ပံ (Consensus Building Institute) ၏ ကြားဝင်ညှိနှိုင်းရေးလက်စွဲစာစောင်ကို ကမကထပြုခဲ့သည်။

(၂၀၀၀)ခုနှစ်မှစ၍ မကျေနပ်မှုဖွင့်ဟချက်ပေါင်းသုံးရာကို ထည့်သွင်းစဉ်းစားခဲ့ရာ ၎င်းတို့ထဲမှ လေးပုံတစ်ပုံနီးပါးမှာ ဇွန်လ (၂၀၁၀)ခုနှစ်နှင့် ဇွန်လ (၂၀၁၂)ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည်။ အများစုမှာ NGO များနှင့် ကုန်သွယ်ရေးသမဂ္ဂများအကြား စတင်ခဲ့ခြင်းဖြစ်ပြီး၊ အလုပ်ခန့်ထားမှုနှင့် စက်မှုလုပ်ငန်းဆက်ဆံရေးများ၊ လူ့အခွင့်အရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် အထင်ရှားဆုံးပတ်သက်သည်။ ဤမကျေနပ်မှုဖွင့်ဟချက်များသည် *လမ်းညွှန်ချက်*ကိုလိုက်နာရန်ဝန်ခံထားသည့်နိုင်ငံများရော၊ ဝန်မခံထားသည့်နိုင်ငံများ၏ လှုပ်ရှားလုပ်ဆောင်မှုများနှင့်ကဏ္ဍအမျိုးမျိုး၌ အထူးသဖြင့် သယံဇာတရင်းမြစ်ထုတ်လုပ်ရေးဆိုင်ရာနှင့် ထုတ်လုပ်မှုကဏ္ဍများနှင့်သက်ဆိုင်သည်။ ခေတ်နှင့်လျော်ညီအောင် ပြင်ဆင်မွမ်းမံထားသော*လမ်းညွှန်ချက်များ*ကို အကောင်အထည်ဖော်သုံးစွဲသည့်ပထမနှစ်တွင် မကျေနပ်မှုဖွင့်ဟချက်သုံးပုံတစ်ပုံသည် လူ့အခွင့်အရေးအခန်းသစ်ကို ကိုးကားထားသည်။

"အိုအီးစီဒီလမ်းညွှန်ချက်များ၏ထူးခြားချက်မှာ ၄င်းတို့သည် တိုင်ကြားမှုယန္တရားဖြင့် ထည့်သွင်းဖွဲ့စည်းထားသဖြင့် လူများက ၄င်းတို့၏လူ့အခွင့်အရေးများထိခိုက်နေသည်ဟုခံစားရသောအခါ ကုမ္ပဏီအကြောင်း အမှန်တကယ်တိုင်ကြားနိုင်ခြင်းဖြစ်သည်။"

ပါမောက္ခ ဂျွန် ဂျီ ရပ်ဂျီ
ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏စီးပွားရေးလုပ်ငန်းနှင့်လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ်၊ (၂၀၁၁) ခုနှစ်

## ဖြစ်လာမှုတုန့်ပြန်ခြင်းထက်ဖြစ်အောင်အခြေအနေကိုဖန်တီးယူသောလုပ်ငန်းစဉ်

ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေကိုဖန်တီးယူသောလုပ်ငန်းစဉ်သည် (၂၀၁၁)ခုနှစ် ပြင်ဆင်မွမ်းမံထားသောမူသစ်တွင် ထည့်သွင်းထားသော ပြဿနာဖြေရှင်းခြင်း၊ ရှောင်ရှားခြင်းတို့တွင် မကျေနပ်မှုဖွင့်ဟချက်လုပ်ဆောင်မှုအဆင့်ဆင့်ထက် ပိုမိုကျယ်ပြန့်စွာ အထောက်အကူဖြစ်စေသည့် အလားအလာကောင်းသောရှုထောင့်သစ်ဖြစ်သည်။ ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေကို ဖန်တီးယူသောလုပ်ငန်းစဉ်သည် လုပ်ငန်းအဖွဲ့အစည်းများ၏ထုတ်ကုန်များ၊ ဒေသများ၊ ကဏ္ဍများနှင့် စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်းသောဆိုးကျိုးများ၏ဖြစ်နိုင်ချေကို ရှာဖွေဖော်ထုတ်ရန်နှင့် တုန့်ပြန်ရန်ပံ့ပိုးကူညီခြင်းဖြင့် *လမ်းညွှန်ချက်များ*ကို ထိရောက်စွာလိုက်နာခြင်းကိုတိုးမြှင့်အားပေးရန် ရည်ရွယ်သည်။ ၄င်း၏ကျယ်ပြန့်စွာပြောင်းလဲမှုဖြစ်ပေါ်နိုင်စွမ်း၏အချက်အချာမှာ သက်ဆိုင်သူအလွှာစုံပါဝင်သောလုပ်ဆောင်မှုကို ကျင့်သုံးခြင်းဖြစ်၍၊ သက်ဆိုင်သူများအား ဆိုးကျိုးသက်ရောက်မှုဖြစ်နိုင်ချေများကိုရှောင်ကြဉ်နိုင်ရန်နည်းလမ်းများဖန်တီးရေးတွင် လုပ်ငန်းအဖွဲ့အစည်းများနှင့် ဘေးချင်းယှဉ်လျက်ပါဝင်လုပ်ဆောင်နိုင်စေရန်ပံ့ပိုးပေးသည်။ ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေကိုဖန်တီးယူသောလုပ်ငန်းစဉ်သည် တန်ဘိုးပိုတိုးစေရန်အတွက်ဖြစ်၍ အခြားအစပျိုးလုပ်ဆောင်မှုများနှင့် ပူးပေါင်းဆောင်ရွက်ရေးကြိုးပမ်းမှုများကို တထေရာတည်း ထပ်လုပ်ခြင်းမှ ရှောင်ကြဉ်ရန်ဖြစ်သည်။

NCPs များသည် လူမှုရေးဖက်စပ်အကျိုးဆောင်များ၊ အခြားသက်ဆိုင်သူများနှင့် အောက်ဖော်ပြပါကိစ္စရပ်များလုပ်ဆောင်ရန် ပုံမှန်ဆက်သွယ်မှုရှိသဖြင့် ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေကိုဖန်တီးယူသောလုပ်ငန်းစဉ်အားပံ့ပိုးရေးတွင် အရေးပါသောအခန်းမှ ပါဝင်နိုင်သောအခြေအနေတွင်ရှိသည်။ က) တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးနှင့်စပ်လျဉ်း၍ ဖွံ့ဖြိုးမှုအသစ်နှင့် ဖွံ့ဖြိုးဆဲလုပ်ငန်းရပ်များကို ထည့်သွင်းစဉ်းစားရန်၊ ခ) စီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍများတွင် လုပ်ငန်းအဖွဲ့အစည်းများကလုပ်နိုင်သော အပြုသဘောဆောင်သောပံ့ပိုးမှုများကို ထောက်ခံအားပေးရန်နှင့် ဂ) လုပ်ငန်းအဖွဲ့အစည်းများ၏ ထုတ်ကုန်များ၊ ဒေသများ၊ ကဏ္ဍများနှင့် စက်မှုလုပ်ငန်းများနှင့်စပ်လျဉ်းသောဆိုးကျိုးများကို ရှာဖွေဖော်ထုတ်ရန်နှင့်တုန့်ပြန်ရန် ပူးပေါင်းဆောင်ရွက်ရေး အစပျိုး လုပ်ဆောင်ချက်များတွင် သင့်လျော်သလိုပါဝင်ဆောင်ရွက်ရန်။

ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေကိုဖန်တီးယူသောလုပ်ငန်းစဉ်အစပျိုးလုပ်ဆောင်ချက်သုံးခုမှာ အောက်ပါတို့ဖြစ်သည်။ ဘဏ္ဍာငွေနှင့်ငွေကြေးကဏ္ဍ၌ ဆီလျော်သောလုံ့လဝိရိယ၊ သယံဇာတရင်းမြစ်ထုတ်လုပ်ရေးဆိုင်ရာကဏ္ဍတွင် သက်ဆိုင်သူများ၏ ခိုင်မာသောသန္နိဋ္ဌာန်နှင့် ဆီလျော်သောလုံ့လ ဝိရိယ၊ လယ်ယာကဏ္ဍာ ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှု ဖြစ်စဉ်အဆင့်ဆင့် (supply chain) တွင် တာဝန်သိရင်းနှီးမြှုပ်နှံမှုတို့ဖြစ်သည်။ ဤစီမံကိန်းများသည် *လမ်းညွှန်ချက်*ဖော်ပြပါများအပြင် တာဝန်သစ်များ (သို့) အကြံပြုချက်အသစ်များ ဖန်တီးရန်မရည်ရွယ်ပါ (ဆိုလိုသည်မှာ မည်သည့်စံသတ်မှတ်မှု ဘောင်အသစ်မှမပါ)။

အိုအီးစီဒီ၏ *ပဋိပက္ခနှင့်အန္တရာယ်ဖြစ်နိုင်ချေကြီးမားသောဒေသများမှ တာဝန်သိသတ္တုတွင်းထွက်ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှု ဖြစ်စဉ်အဆင့်ဆင့်* (supply chain) *ဆိုင်ရာ ဆီလျော်သောလုံ့လဝိရိယလမ်းညွှန်ချက်* (the *Guidance*) သည် ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေကိုဖန်တီးယူသောလုပ်ငန်းစဉ်၏ လုပ်နိုင်သောဥပမာတစ်ခု ဖြစ်သည်။ ဤ*လမ်းညွှန်ချက်* (the *Guidance*) သည် ပြင်ဆင်မွမ်းမံထားသော*လမ်းညွှန်ချက်*မူသစ်ပါ ကြိုတင်ခန့်မှန်းထားသော ဆီလျော်သောလုံ့လဝိရိယနှင့် ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှု ဖြစ်စဉ်အဆင့်ဆင့် (supply chain)ကို အခြေအနေတစ်ရပ်ရပ်၌ မည်ကဲ့သို့လက်တွေ့အသုံးပြုနိုင်သည့်အသုံးအနှုန်း အနေဖြင့် အသွင်ပြောင်းနိုင်ကြောင်းပြသသည်။

ကုမ္ပဏီများအား တာဝန်သိဓါတ်သတ္တုရှာဖွေဖော်ထုတ်ရေးတွင် ကူညီပံ့ပိုးခြင်း

ကုမ္ပဏီများသည် ပဋိပက္ခနယ်မြေများ၌ဓာတ်သတ္တုတွင်းထွက်ပစ္စည်းများကိုရှာဖွေတူးဖော်သောအခါ မည်ကဲ့သို့ လူ့အခွင့်အရေးများကိုလေးစားလျက် တချိန်တည်းမှာပင် ပဋိပက္ခများဖြစ်ပေါ်စေခြင်း (သို့) ဖြစ်ပေါ်ရန်အားပေးခြင်းများဖြစ်စေသနည်း။ သတ္တုတွင်းလုပ်ငန်းနှင့် ဓာတ်သတ္တုတွင်းထွက်ပစ္စည်းများကုန်သွယ်ရေးက ဖွံ့ဖြိုးရေးနှင့်ဖွံ့ဖြိုးမှုကိုရေရှည်ထိန်းသိမ်းထားနိုင်စေရေးသေချာစေရန် မည်သည့်လုပ်ဆောင်ချက်အဆင့်များနှင့်မည်သည့်ကိရိယာများလိုအပ်သနည်း။ ဤခက်ခဲနက်နဲသောစိမ်ခေါ်မှုများသည် နိုင်ငံတကာအသိုင်းအဝိုင်းကိုစိုးရိမ်ပူပန်စေခဲ့သည်မှာ နှစ်ပေါင်းများစွာကြာခဲ့ပြီဖြစ်သည်

## ဆီလျော်သောလုံ့လဝိရိယအတွက် လက်တွေ့ကျသောမူဘောင်

အိုအီးစီဒီ၊ အာဖရိကနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ စက်မှုလုပ်ငန်းနှင့် အရပ်ဖက်လူမှုအဖွဲ့အစည်းများအကြား သက်ဆိုင်သူပေါင်းစုံပါဝင်သောနက်နဲသည့်လုပ်နည်းစဉ်၏ နောက်ဆက်တွဲရလဒ်ဖြစ်သည့် *အိုအီးစီဒီ၏ပဋိပက္ခထူထပ်၍အန္တရာယ်ဖြစ်နိုင်ချေများသောနယ်မြေများမှ တာဝန်သိသတ္တုတွင်းထွက်ကုန်ထုတ်လုပ်မှု၊ ဖြန့်ဖြူးရောင်းချမှု ဖြစ်စဉ်အဆင့်ဆင့် (supply chain)ဆိုင်ရာ ဆီလျော်သောလုံ့လဝိရိယလမ်းညွှန်ချက်သည်* ကုမ္ပဏီများက ဤမေးခွန်းများကိုဖြေဆိုရေးတွင် အထောက်အကူပြုသည့် လက်တွေ့ကျသောမူဘောင်ကို

ပံ့ပိုးပေးသည်။ ဤ*လမ်းညွှန်ချက်*တွင် (3T) ခေါ် သံဖြူ (tin)၊ တန်တာလမ် (tantalum)၊ တန်စတင်(tungsten) နှင့်ပတ်သက်၍လည်းကောင်း၊ ရွှေနှင့်ပတ်သက်၍လည်းကောင်း၊ ၎င်းသတ္တုတစ်မျိုးစီ၏ supply chain အတွက် သီးသန့်အကြံပြုချက်များဖြင့်ပြုစုထားသော နောက်ဆက်တွဲများ ပါဝင်သည်။ ဤ*လမ်းညွှန်ချက်*သည် အပြန်အလှန်သဘောတူညီချက်အပေါ်အခြေခံသည့်လုပ်နည်းစဥ်ဖြင့်ဖန်တီးထားခြင်းဖြစ်သည့်အလျောက် ခေတ်မီ supply chain များ၏အဖြစ်မှန်ကိုထင်ဟပ်ပြီး ကုန်ကြမ်းပေးသွင်းသူများနှင့်သက်ဆိုင်သူများအတွက် ဘုံဆိုင်အကျိုးဝင်သည့် ကိုးကားချက်များဖြစ်ကာ ဆီလျော်သောလုံ့လဝိရိယဆိုင်ရာတာဝန်ဝတ္တရားများ၏ အချင်းချင်းအပြန်အလှန်ဆက်စပ်နေသည့် သဘာဝကိုလည်း အသိအမှတ်ပြုလျက် စက်မှုလုပ်ငန်းများတွင် သတ္တုအရည်ဖျော်သူ၊ သတ္တုသန့်စင်သူစသည့် အချက်အချာကျသည့်ဌာနများအပေါ် အာရုံပြုထားသည်။

## အဆင့်ငါးဆင့်ပါမူဘောင်

ဤ*လမ်းညွှန်ချက်*သည် လုပ်ငန်းအဖွဲ့အစည်းများအား ပဋိပက္ခများကိုရှောင်ကြဥ်ခြင်းနှင့် သွယ်ဝိုက်၍အားပေးရာမရောက်အောင်ကြိုးစားခြင်း၌ ကူညီပံ့ပိုးရန် အန္တရာယ်ဖြစ်နိုင်ချေကိုအခြေခံသည့် အဆင့်ငါးဆင့်ပါ ဆီလျော်သောလုံ့လဝိရိယ မူဘောင်ကို အသုံးပြုသည်။

**အဆင့် ၁** – ခိုင်မာသောကုမ္ပဏီစီမံခန့်ခွဲရေးစနစ်များ သတ်မှတ်ခြင်း

**အဆင့် ၂** – စုပပလယ ငဟာိန အတွင်း အန္တရာယ်ဖြစ်နိုင်ချေများကို ရှာဖွေဖော်ထုတ်၍ အကဲဖြတ်ခြင်း

**အဆင့် ၃** – ရှာဖွေဖော်ထုတ်ပြီးသော အန္တရာယ်ဖြစ်နိုင်ချေများကိုတုန့်ပြန်ရန် နည်းဗျူဟာ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း

**အဆင့် ၄** – ကုမ္ပဏီပြင်ပမှသီးသန့်တတိယပါတီက သတ္တုအရည်ဖျော်သူများနှင့် သန့်စင်သူများ၏ ဆီလျော်သောလုံ့လဝိရိယကျင့်သုံးမှုများကို စစ်ဆေးခြင်း

**အဆင့် ၅** – supply chain ၏ ဆီလျော်သောလုံ့လဝိရိယကို နှစ်စဥ်အစီရင်ခံခြင်း

ဆီလျော်သောလုံ့လဝိရိယဆိုသည်မှာ စဉ်ဆက်မပြတ်ကျင့်သုံးနေသော၊ ဖြစ်လာမှတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေ ကိုဖန်တီးယူသော၊ အခြေအနေကိုတုန့်ပြန်သောလုပ်နည်းစဥ်ဖြစ်သည်။ လုပ်ငန်းအဖွဲ့အစည်းများသည် *လမ်းညွှန်ချက်*ပါအကြံပြုချက်များကို အကောင်အထည်ဖော်ရန် သင့်လျော်ရာများကိုလုပ်ဆောင်ရန် လိုအပ်သည်။

## လမ်းညွှန်ချက်အကောင်အထည်ဖော်ခြင်း

ဤ*လမ်းညွှန်ချက်*ကို များနိုင်သမျှများသောပရိသတ်ထံသို့ဖြန့်ဝေနိုင်စေရန်ကြိုးပမ်းနေပြီဖြစ်၍ သက်ဆိုင်သူပေါင်းစုံပါဝင်သောနက်နဲသည့် လုပ်နည်းစဥ်အားဖြင့် ဆီလျော်သောလုံ့လဝိရိယကိုနားလည်မှုပိုမိုခိုင်မာစေ၍ စက်မှုလုပ်ငန်းများနှင့် ပထဝီဝင်ဒေသများအကြားသာတူညီမျှမှု ရှိစေရန် ဆီလျော်သောလုံ့လဝိရိယဆိုင်ရာချဥ်းကပ်မှုများကို သဟဇာတဖြစ်စေပါသည်။ *လမ်းညွှန်ချက်*အကောင်အထည်ဖော်ရန် မိမိဆန္ဒအလျောက်ပါဝင်သည့်ရှေ့ပြေးစီမံကိန်းအစီအစဥ်တွင် 3T supply chain အတွင်းမှ ကုမ္ပဏီနှင့်စက်မှုလုပ်ငန်းအဖွဲ့အစည်းတစ်ရာကျော် ပါဝင်ခဲ့ကြပါသည်။ ၎င်း၏နောက်ဆက်တွဲရလဒ်အဖြစ် ပဋိပက္ခကင်းရှင်းမြစ်ရှာဖွေရေးအစပျိုးလုပ်ဆောင်မှု၊ ပဋိပက္ခကင်းသံဖြူအစပျိုးလုပ်ဆောင်မှုနှင့် မျှော်လင့်ချက်အတွက်အဖြေများစသည့်အသွင်ဆန်းသောစက်မှုလုပ်ငန်းဦးဆောင်သည့်အစပျိုးလုပ်ဆောင်မှုများ ပေါ်ထွက်လာခဲ့ပါသည်။ ဤကဏ္ဍ၌ *လမ်းညွှန်ချက်*ကိုတိုးချဲ့အကောင်အထည်ဖော်ရန် ရွှေ supply chain အတွက် အကောင်အထည် ဖော်လုပ်ငန်းအစီအစဥ်ကို လည်း အိုအီးစီဒီမှစတင်ဆောင်ရွက်ခဲ့ပါသည်။

mneguidelines.oecd.org/mining.htm

## ထူးခြားမှုဖြစ်ပေါ်စေခြင်း

လမ်းညွှန်ချက်များကို လက်တွေ့အသုံးချခြင်း

ကနေဒါနှင့်ချီလီနိုင်ငံများ၌ ဆော်လမွန်ငါးမွေးမြူရေးလုပ်ငန်း

**NCP –** နော်ဝေး

**ကုမ္ပဏီ**
Cermaq ASA နှင့် ၎င်း၏အဖွဲ့ခွဲများဖြစ်သော Mainstream Canada နှင့် Mainstream Chile

**တိုင်ကြားသူများ**
နော်ဝေးသဘာဝထိန်းသိမ်းစောင့်ရှောက်သူများအဖွဲ့အစည်း/နော်ဝေးမှ ကမ္ဘာမြေနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးဖိုရမ်၏မိတ်ဆွေများ

**အဓိကကိစ္စ**
ဒေသခံပြည်သူများ၏အခွင့်အရေးများ၊ အလုပ်အကိုင်နှင့်အလုပ်သမားငှားရမ်းမှုလုပ်ထုံးလုပ်နည်းများ၊ ပတ်ဝန်းကျင်အပေါ်အကျိုးသက်ရောက်မှုများ

**ရလဒ်**
သက်ဆိုင်သူအားလုံးကလိုက်နာရန်ဝန်ခံသော ပူးတွဲထုတ်ပြန်ချက်

(၂၀၀၉)ခုနှစ်လယ်၌စတင်သော ဤအထူးကိစ္စရပ်သည် ကနေဒါနှင့်ချီလီနိုင်ငံများရှိ ဆော်လမွန်ငါးမွေးမြူရေးလုပ်ငန်း၌ *လမ်းညွှန်ချက်များ*ကို မလိုက်နာဟုဆိုသောစွပ်စွဲချက်နှင့်သက်ဆိုင်သည်။ ဤမကျေနပ်မှုကို တင်ပြသောတိုင်ကြားသူများ၏ ရည်ရွယ်ချက်မှာ ကော်ပိုရိတ်အဆင့်၌ ပေါ်လစီများကိုလွှမ်းမိုးမှုပြုခြင်းဖြင့် နိုင်ငံရပ်ခြားရှိလုပ်ရှားလည်ပတ်မှုများကို တသမတ်တည်းတူညီစေရန် ဖြစ်သည်။

*လမ်းညွှန်ချက်များ*ကိုမလိုက်နာဟုဆိုသောစွပ်စွဲချက်သည် အောက်ပါအချက်များနှင့် သက်ဆိုင်သည်။

- ဒေသခံပြည်သူများ၏အခွင့်အရေးများကို လုံလုံလောက်လောက်ထည့်သွင်းစဉ်းစားမှုမပြုခြင်း
- မပြည့်ဝသောအလုပ်အကိုင်နှင့် အလုပ်သမားငှားရမ်းမှုလုပ်ထုံးလုပ်နည်းများ (ဥပမာ – အကြောင်းခိုင်လုံချက်မရှိဘဲ အလုပ်ထုတ်ခြင်း၊ ဝန်ထမ်းများအား ကုန်သွယ်ရေးသမဂ္ဂအဖွဲ့ ဝင်ဖြစ်ရေးမှ တားမြစ် ပိတ်ပင်ရန် ကြိုးပမ်းခြင်း၊ အမျိုးသမီးများအားခွဲခြားဆက်ဆံသော လစာနှင့်အပိုဆုကြေးပေးစနစ်များ)
- ပတ်ဝန်းကျင်ပျက်စီးမှုမှကာကွယ်ရေးတွင် ကြီးမားသောချို့ယွင်းမှု (ဥပမာ – ဆော်လမွန်ငါးထွက်ပြေးမှုကို ကာကွယ်မှု၊ သန်းပြန့်ပွားမှုနှင့် ကူးစက်လွယ်သော ဆော်လမွန်ငါးသွေးအားနည်းမှုရောဂါတို့အတွက် အဆင်သင့်ဖြစ်မှုချို့ယွင်းခြင်း) နှင့်
- ဆုံးဖြတ်ချက်ချခြင်းလုပ်ငန်းစဉ်များတွင် လုပ်ငန်းအဖွဲ့အစည်းများ၏ ရေထွက်မွေးမြူရေး လုပ်ငန်းရပ်များ၌ ကြုံတင်ခန့်မှန်းနိုင်သော ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် လုံခြုံမှုဆိုင်ရာ ရလဒ်များကို ထည့်သွင်းစဉ်းစားမှု မရှိခြင်း။

နော်ဝေး NCP သည် အချက်အလက်များကျယ်ပြန့်စွာစုဆောင်း၍ နှစ်ဦးနှစ်ဘက်အကြိမ်ကြိမ် အပြန်အလှန်တွေ့ဆုံဆွေးနွေးပြီးနောက် ဤအချေအတင်ဖြစ်မှုများကိုဖြေရှင်းရန် ကြားဝင်စေ့စပ်ညှိနှိုင်းမှုအသွင်ဖြင့် ရုံးကောင်းများကိုအသုံးပြုရန်ကမ်းလှမ်းခဲ့သည်။ သက်ဆိုင်သူအားလုံးကလည်းယုံကြည်စိတ်ချစွာဖြင့် ပါဝင်ရန်သဘောတူခဲ့ကြသည်။ အပြုသဘောဆောင်သော ကြားဝင်စေ့စပ်ညှိနှိုင်းမှုအပြီးပူးတွဲထုတ်ပြန်ချက်တစ်ခုကို သဘောတူညီခဲ့ကြသည်။

ဤထုတ်ပြန်ချက်ရလဒ်အဖြစ် *လမ်းညွှန်ချက်များ*၏အကြံပြုချက်များကိုအခြေခံသော ကုန်ကြမ်းပေးသွင်းသူများ၏လူ့အခွင့်အရေးများကို ပိုမိုရှင်းလင်းစွာထည့်သွင်းစဉ်းစားမှု၊ ဒေသခံများနှင့် အပြန်အလှန်အကျိုးသက်ရောက်စေသောသဘောတူညီချက်များရရှိရေး ကြိုးပမ်းဆောင်ရွက်ရန်သန္နိဋ္ဌာန်နှင့် ရှေ့ဖြစ်နိုင်ချေရှိသော ဆိုးရွားသည့်ပတ်ဝန်းကျင်ပျက်စီးမှုအန္တရာယ်များကို တတ်နိုင်သရွေ့နည်းပါးစေရန် ပိုမိုတိုးချဲ့ကြိုးပမ်းခြင်းအပါအဝင် Cermaq ၏ကော်ပိုရိတ်တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးများပြောင်းလဲခဲ့သည်။ သက်ဆိုင်သူအဖွဲ့များက ဤမကျေနပ်မှုဖွင့်ဟချက်တွင် Cermaq အကြောင်းနှင့် ၎င်း၏ငြင်းဆိုခံရသောလုပ်ရပ်များကိုထည့်သွင်းရန်သဘောတူခဲ့ကြသည်။ အနာဂတ်ပူးပေါင်းဆောင်ရွက်မှုနှင့်ဆက်သွယ်မှုများသည် အပြန်အလှန်ယုံကြည်မှုနှင့် အချက်အလက်များရှင်းလင်းအောင်တင်ပြခြင်းတို့အပေါ်တွင် အခြေခံရန်ဖြစ်သည်။ ဤတိုင်ကြားသူများက Cermaq အား ပူးတွဲထုတ်ပြန်ကြေငြာချက်လက်တွေ့အသုံးချရေးကို ဆက်လက်ဆောင်ရွက်ရန် ယုံကြည်စွာအပ်နှံခဲ့ကြသည်။

# နီပေါ၊ မိုဇမ်ဘစ်၊ မာလာဝီ နှင့် ပြည်သူ့ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံများ၌ အလုပ်အကိုင်နှင့်အလုပ်သမားငှားရမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

**NCP**
ဗြိတိန်နိုင်ငံ

**တိုင်ကြားသူများ**
နိုင်ငံတကာသမဂ္ဂကွန်ရက် (ယူနီ) Union Network International (UNI)

**ကုမ္ပဏီ**
G4S

**အဓိကကိစ္စ**
အလုပ်သမားငှားရမ်းခြင်းနှင့်လုပ်အား

**ရလဒ်**
မကျေနပ်ချက်ဖွင့်ဟမှုကို အောင်မြင်စွာကြားဝင်ညှိနှိုင်းခြင်း

(၂၀၀၆)ခုနှစ်ဆုံး၌ UNI က ကမ္ဘာ့အကြီးဆုံးလုံခြုံရေးအဖြေရှာအုပ်စုဖြစ်သော G4S အား UK NCP ရှေ့၌ မကျေနပ်ချက်ဖွင့်ဟမှုပြုခဲ့ပါသည်။

ဤမကျေနပ်ချက်ဖွင့်ဟမှုသည် နီပေါ၊ မိုဇမ်ဘစ်၊ မာလာဝီ နှင့် ပြည်သူ့ဒီမိုကရက်တစ်ကွန်ဂိုနိုင်ငံ (ဒီအာရ်စီ)များ၌ *လမ်းညွှန်ချက်များ*ကိုမလိုက်နာဟုဆိုသောစွပ်စွဲချက်နှင့်သက်ဆိုင်သည်။

အထူးသဖြင့်

- မိုဇမ်ဘစ်တွင် – မပေးရသေးသောလခကြွေးများနှင့် နစ်နာကြေးများမပေးခြင်း၊ သမဂ္ဂများတွင်အဖွဲ့ဝင်သော ဝန်ထမ်းများအား အလုပ်ထုတ်ခြင်းနှင့် စာရင်းမဲ့တွင်သွင်းခြင်း၊ တရားရုံးနှင့် ဝန်ကြီးအမိန့်များကို မလိုက်နာခြင်း
- မာလာဝီတွင် – အချိန်ပိုလုပ်ခ၊ ဆေးကုသမှုနှင့် ခွင့်ယူခြင်းကို ခွင့်ပြုရန်ငြင်းပယ်ခြင်း
- နီပေါတွင် – အလုပ်ပိတ်ရက်အပိုဆုကြေးများ၊ လုံခြုံရေးဝန်ထမ်းများအတွက် ကိုယ်ပိုင်အိမ်ယာများတွင် အိမ်သာ (သို့) ရေရရှိရေး၊ အငြိမ်းစားရန်ပုံငွေနှင့် ရပ်ဝေး (သို့) ခက်ခဲမှုရှိသော ဒေသများ၌ တာဝန်ယူရသောအလုပ်များအတွက် စည်းမျဉ်းများနှင့် ကြိုတင်အသိပေးမှုစသည် တို့ကင်းမဲ့ခြင်း
- ဒီအာရ်စီတွင် – သမဂ္ဂကိုအသိအမှတ်ပြုမှု

သက်ဆိုင်သူများက NCP UK ၏ ကြားဝင်စေ့စပ်ညှိနှိုင်းမှုကိုလက်ခံ၍ ဤလုပ်ငန်းစဉ်တွင် ယုံကြည်စိတ်ချစွာပါဝင်ခဲ့ကြသည်။ ကြားဝင်စေ့စပ်ညှိနှိုင်းရေးဆွေးနွေးမှုများ၏ရလဒ်မှာ နီပေါနှင့် ဒီအာရ်စီရှိ မကျေနပ်မှုကိစ္စအချို့နှင့်ပတ်သက်၍သဘောတူညီချက်နှင့် သတ်သတ်မှတ်မှတ်ကတိပြုချက်များဖြစ်သည်။ မိုဇမ်ဘစ်နှင့် မာလဝီနှင့်စပ်လျဉ်း၍မူ သက်ဆိုင်သူများက သတ်မှတ်ထားသောကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံအဆင့်တွင် ပိုမိုနီးကပ်စွာလက်တွဲလုပ်ဆောင်မှုပြုလုပ်နိုင်မည့်လုပ်ငန်းစဉ်ကို သဘောတူခဲ့ကြသည်။ ဤလုပ်နည်းစဉ်၏ရည်ရွယ်ချက်မှာ G4S ဝန်ထမ်းများ၏ အခွင့်အရေးနှင့်အကျိုးများကိုကာကွယ်ရန်သာမက G4S နှင့်အလုပ်သမားများကိုကိုယ်စားပြုသောသမဂ္ဂများအကြား ဒေသတွင်းဆက်ဆံရေးပျိုးထောင်ရန်နှင့် ပိုမိုခိုင်မာစေရန်အတွက်ပါဖြစ်သည်။

ဒီဇင်ဘာလ (၂၀၀၈)ခုနှစ်တွင် NCP ၏ ကြားဝင်စေ့စပ်ညှိနှိုင်းမှုပြင်ပမှသက်ဆိုင်သူများက ၄င်းတို့သည် G4S တစ်ဖွဲ့ လုံး၏ နေရာအနှံ့အပြား၌ အလုပ်သမားခန့်ထားရေးစံညွှန်းအခြေအနေများ ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ရန်၊ ကုမ္ပဏီနေရာအနှံ့အပြား၌ အလုပ်သမားနှင့်သမဂ္ဂအခွင့်အရေးများလိုက်နာမှုသေချာရေးပံ့ပိုးပေးရန်နှင့် ကမ္ဘာ့လုံခြုံရေးလုပ်ငန်းတစ်ရပ်လုံး၌ စံညွှန်းများပိုမိုကောင်းမွန်ရေး အတွက် ကူညီပံ့ပိုးပေးရန်ရည်ရွယ်ချက်ဖြင့် ခြုံငုံသဘောတူညီချက်ဘောင် အတွင်းသို့ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း ကြေညာခဲ့သည်။

## အဖွဲ့အစည်းဘောင်

နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများဆိုင်ရာ ကြေညာချက်

ဤ*လမ်းညွှန်ချက်များ*သည် (၁၉၇၆)ခုနှစ် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့် အပြည်ပြည်ဆိုင်ရာလုပ်ငန်းအဖွဲ့အစည်းများဆိုင်ရာ အိုအီးစီဒီ ကြေညာချက်၏ကိရိယာနည်းနာလေးခုအနက်မှတစ်ခုဖြစ်၍ လိုက်နာကျင့်သုံးရန်ဝန်ခံထားသောနိုင်ငံများ၏ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများအတွက် ပွင့်လင်းမြင်သာသောပတ်ဝန်းကျင်ဖန်တီးရန်သန္နိဋ္ဌာန်ချထားသော ပေါ်လစီမူဝါဒ ဖြစ်ပြီး စီးပွားရေးနှင့်လူမှုရေးတိုးတက်မှုများအတွက် MNEs များကအပြုသဘောဖြင့်ပံ့ပိုးပေးနိုင်မှုကို အားပေးရန်ဖြစ်သည်။ ကြေညာချက်၏အခြားကိရိယာသုံးခုမှာ *နိုင်ငံအဆင့်ပြုမူခြင်း*၊ *သဟဇာတမဖြစ်သောလိုအပ်ချက်များ*နှင့် *နိုင်ငံတကာရင်းနှီး မြှုပ်နှံမှုဆွဲဆောင်မှုနှင့် အဟန့်အတားများ*ဖြစ်သည်။ အစိုးရများသည် ၄င်းတို့၏နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုဝန်းကျင်ကို အစိတ်အပိုင်းလိုက်မဟုတ်ဘဲလုံးလုံးလျားလျားသုံးစွဲရေးသေချာရန်အတွက် ဤကြေညာချက်အလုံးစုံကို – *လမ်းညွှန်ချက်များ*သာမကဘဲ – လိုက်နာရန်ဝန်ခံကြသည်။

### တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးဆိုင်ရာ လုပ်ဆောင်ရေးအုပ်စု

ကမ္ဘာပေါ်၌ ဤကဲ့သို့တစ်ခုတည်းသော အစိုးရပေါင်းစုံပါဝင်သည့်အဖွဲ့အစည်းတစ်ခုဖြစ်သည့် အိုအီးစီဒီရင်းနှီးမြှုပ်နှံမှုကော်မီတီ၏ လုပ်ဆောင်ရေးအုပ်စုကို *လမ်းညွှန်ချက်များ*၏ထိရောက်မှု၊ NCP များ၏ လုပ်ငန်းလုပ်ဆောင်မှုသာတူညီမျှမှုကိုကျင့်သုံးခြင်း၊ ဖြစ်လာမှုတုန့်ပြန်ခြင်းထက် ဖြစ်အောင်အခြေအနေကိုဖန်တီးယူသောလုပ်နည်းစဉ်ကိုလိုက်နာခြင်းစသည်တို့ကိုပံ့ပိုးပေးရန်၊ အဖွဲ့ဝင်မဟုတ်သောနိုင်ငံများ၊ ဖက်စပ်လုပ်ငန်းအဖွဲ့အစည်းများနှင့် သက်ဆိုင်သူပေါင်းစုံတို့နှင့်ပူးတွဲလုပ်ကိုင်ရန်သန္နိဋ္ဌာန်ချထားခြင်းကိုအားပေးရန်နှင့် *လမ်းညွှန်ချက်များ*ဆိုင်ရာသတင်းအချက်အလက်များ၏ဗဟိုအဖြစ်ဆောင်ရွက်ရန်တို့အတွက်တာဝန်အပ်နှင်းချက်ဖြင့် (၂၀၁၃)ခုနှစ်တွင် အခမ်းအနားဖြင့် ဖွင့်လှစ်ခဲ့သည်။ အိုအီးစီဒီရင်းနှီးမြှုပ်နှံမှုကော်မီတီသည် *ကြေညာချက်*ပါအချက်အလက်အားလုံးကောင်းမွန်စွာလည်ပတ်လှုပ်ရှားမှုကို ကြီးကြပ်ရန်အတွက် တာဝန်ရှိသောအဖွဲ့အစည်းတစ်ခုဖြစ်သည်။

### အိုအီးစီဒီအတွင်းဝန်အဖွဲ့

အိုအီးစီဒီအတွင်းဝန်အဖွဲ့သည် *လမ်းညွှန်ချက်များ*အလုပ်ဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီသည်။ ၄င်းသည် NCPs များနှင့် လုပ်ဆောင်ရေးအုပ်စုအား ခွဲခြမ်းစိတ်ဖြာလေ့လာမှုနှင့် ထောက်ပံ့ပို့ဆောင်မှုကို အဆက်မပြတ်ပံ့ပိုးပေး၍ NCPs များနှင့် ပြည်သူလူထုအား *လမ်းညွှန်ချက်*နှင့်စပ်လျဉ်းသည့်သတင်းအချက်အလက်ဖြန့်ဝေရာဗဟိုဌာနအဖြစ် ဆောင်ရွက်သည်။

### သက်ဆိုင်သူများနှင့်ဖက်စပ်လုပ်ဆောင်သူများ

လိုက်နာရန်ဝန်ခံထားသောနိုင်ငံများသည် *လမ်းညွှန်ချက်များ*အကောင်အထည်ဖော်ရေးတွင် သက်ဆိုင်သူများနှင့် ဖက်စပ် လုပ်ဆောင်သူများနှင့် နည်းအမျိုးမျိုးဖြင့်ပူးတွဲလုပ်ဆောင်ရန်ကတိပြုသည်။ နိုင်ငံတော်အဆင့်တွင် များသောအားဖြင့် NCPs များမှတဆင့်ဆက်ဆံလှုပ်ရှားသည်။ နိုင်ငံတကာအဆင့်တွင် စီးပွားရေးလုပ်ငန်းများ၊ ကုန်သွယ်ရေးသမဂ္ဂများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများနှင့် အခြားနိုင်ငံတကာဖက်စပ်လုပ်ငန်းရှင်များသည် အိုအီးစီဒီရင်းနှီးမြှုပ်နှံမှုကော်မီတီနှင့် အမြင်များနှီးနှောဖလှယ်ခြင်းဖြင့် ပုံမှန်ဆက်သွယ်လှုပ်ရှားသည်။

*လမ်းညွှန်ချက်များ*ကို စီးပွားရေးလုပ်ငန်းများ၏ကိုယ်စားလှယ်များ၊ အလုပ်သမားအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများက BIAC, TUAC နှင့် အိုအီးဒီစီစောင့်ကြည့်မှုအဖွဲ့မှတဆင့် ထောက် ခံကူညီပံ့ပိုးသည်။

**အိုအီးစီဒီ၏စီးပွားရေးနှင့်လုပ်ငန်းဆိုင်ရာ အကြံပေးကော်မီတီ (BIAC)** သည် အိုအီးစီဒီ၌ အစိုးရပေါ်လစီရေးဆွဲသူများနှင့်အခြားအလားတူသက်ဆိုင်ရာအဖွဲ့များကို ကမ္ဘာမှုပြုခြင်းနှင့်ကမ္ဘာ့စီးပွားရေးဆိုင်ရာကိစ္စအမျိုးမျိုးတွင်အကြံပေးရန်တာဝန်ယူထားသည့် လွတ်လပ်သောနိုင်ငံတကာစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းတစ်ခုဖြစ်သည်။ စတင်တည်ထောင်သော (၁၉၆၂)ခုနှစ်မှစ၍ အိုအီးစီဒီစီးပွားရေးလုပ်ငန်းအသိုင်းအဝိုင်း၏ကိုယ်စားလှယ်အဖြစ် တရားဝင်အသိအမှတ်ပြုခံထားလျက် BIAC သည် ကိစ္စအမျိုးမျိုးနှင့်စပ်လျဉ်း၍ ပေါ်လစီရေးဆွဲသူများနှင့်ပူးပေါင်းလုပ်ကိုင်ခြင်း၊ ၄င်းတို့ကိုနားလည်ခြင်းနှင့် အကြံပေးခြင်းများဖြင့် စီးပွားရေးလုပ်ငန်းများ၏အကျိုးကို အားပေးမြှင့်တင်ပေးသည်။ စီးပွားရေးလုပ်ငန်းများနှင့် အများဆုံးသက်ဆိုင်သော အိုအီးစီဒီလုပ်ရပ်များ၏အရေးပါသောအစိတ်အပိုင်းများနှင့်စပ်လျဉ်းသည့် ၄င်း၏ပေါ်လစီ အုပ်စု(၃၈)ခုမှတဆင့် BIAC အဖွဲ့ဝင်များသည် အစည်းအဝေးများ၊ ကမ္ဘာ့ဖိုရမ် များနှင့် အိုအီးစီဒီခေါင်းဆောင်များ၊ အစိုးရကိုယ်စားလှယ်များ၊ ကော်မီတီများနှင့် လုပ်ဆောင်မှုအုပ်စုများတွင်ပါဝင်သည်။ BIAC သည် အားလုံးသဘောတူညီသော လုပ်ငန်းဆိုင်ရာအမြင်များကိုအားပေးထောက်ခံခြင်းဖြင့် ၄င်း၏ရလဒ်ဖြစ်သောပေါ်လစီကိရိယာများနှင့်လမ်းညွှန်မှုများသည် ပုဂ္ဂလိကကဏ္ဍများ၏ဖွံ့ဖြိုးတိုးတက်ရေးကိုဖြစ်ပေါ်စေနိုင်သည့်စွမ်းရည်ကို အဟန့်အတားမဖြစ်စေဘဲ အားပေးပံ့ပိုးသည်။

**အိုအီးစီဒီ၏ကုန်သွယ်ရေးသမဂ္ဂအကြံပေးကော်မီတီ (TUAC)** သည် အိုအီးစီဒီ၌ ကုန်သွယ်ရေးသမဂ္ဂများ၏အမြင်များကိုကိုယ်စားပြုသော နိုင်ငံတကာကုန်သွယ်ရေးသမဂ္ဂအဖွဲ့အစည်းတစ်ခု ဖြစ်သည်။ TUAC ၏မူရင်းသည် ၄င်းကို Marshall Plan ခေါ် ဥရောပပြန်လည်နာလန်ထူထောင်ရေးအစီအစဉ်အတွက် ကုန်သွယ်ရေးသမဂ္ဂအကြံပေးကော်မီတီအဖြစ်စတင်ဖွဲ့စည်းခဲ့သည့် (၁၉၄၈)

ခုနှစ်မှစခဲ့သည်။ အိုအီးစီဒီကို (၁၉၆၂)ခုနှစ်တွင် အစိုးရပေါင်းစုံပါဝင်သော ပေါ်လစီရေးဆွဲရေးအဖွဲ့အစည်းအဖြစ် ယခုတည်ရှိနေသော အသွင်ဖြင့်ဖွဲ့စည်းခဲ့သောအခါ TUAC သည် အဖွဲ့အစည်းအသစ်အတွက် စနစ်တကျစီစဉ်ထားသည့်အလုပ်သမားများ၏အမြင်များကို ကိုယ်စားပြုသည့် ၎င်း၏လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ခဲ့သည်။ TUAC ၏အခန်းသည် ကမ္ဘာ့ဈေးကွက်များက ထိရောက်သော လူမှုရေးရှုထောင့်နှင့် မျှတစွာတည်ရှိစေရေးသေချာအောင် ကူညီပံ့ပိုးရန်ဖြစ်သည်။ အိုအီးစီဒီ၏ကော်မီတီအမျိုးမျိုး၊ အတွင်းဝန်အဖွဲ့နှင့် အဖွဲ့ဝင်အစိုးရများနှင့်ပုံမှန်တိုင်ပင်ဆွေးနွေးခြင်းဖြင့် TUAC သည် စက်မှုလက်မှုထွန်းကားသည့်နိုင်ငံများရှိကုန်သွယ်ရေးသမဂ္ဂများ၏ လုပ်ရှားမှု ဆိုင်ရာအမြင်များကို ညှိနှိုင်းလုပ်ဆောင်၍ကိုယ်စားပြုသည်။

## အိုအီးစီဒီစောင့်ကြည့်မှုအဖွဲ့

အိုအီးစီဒီစောင့်ကြည့်မှုအဖွဲ့သည် အရပ်ဖက်လူမှုအဖွဲ့အစည်းအမျိုးမျိုး၏ ကမ္ဘာ့ကွန်ရက်တစ်ခုဖြစ်သည်။ ရေရှည်ဖွံ့ဖြိုးမှု၊ ဆင်းရဲမှု ပပျောက်ရေးနှင့် ကော်ပိုရိတ်လုပ်ငန်းများကို၎င်းတို့၏လုပ်ရပ်များအတွက်တာဝန်ခံစေရေးအတွက် စီးပွားရေး လုပ်ငန်းလုပ်ဆောင်မှုများက အပြုသဘောဖြင့်ပံ့ပိုးအားပေးမှုကို မလွဲမသွေလုပ်ဆောင်စေရန် (၄၅)နိုင်ငံမှ အဖွဲ့ဝင်(၈၀) ကျော်သည် အသီးသီးတာဝန်ယူမှုဖြင့် ဆက်စပ် တည်ရှိကြသည်။ အသိအမှတ်ပြုဖက်စပ်အဖွဲ့ဝင်ဖြစ်သည့် အိုအီးစီဒီစောင့်ကြည့်မှုအဖွဲ့သည် တစ်ဘက်မှ NGO များ၏အမြင်နှင့် အကျိုးစီးပွားနှင့် အခြားတစ်ဘက်မှ အခွင့်အရေးနိမ့်ကျနေသောလူမှုအသိုင်းအဝိုင်းများကို အိုအီးစီဒီရင်းနှီးမြှုပ်နှံမှုကော်မီတီ၏ပေါ်လစီ ဆွေးနွေးမှုများ၌ အတူတကွပါဝင်စေရန် ကြားခံစည်းရုံးလုပ်ဆောင်ပေးသောအဖွဲ့အစည်းအဖြစ်ဆောင်ရွက်သည်။ ပိုမိုကောင်းမွန်သော NCP စွမ်းဆောင်မှုနှင့် *လမ်းညွှန်ချက်များ*အကောင်အထည်ဖော်မှုအတွက် ထိန်းချုပ်ကွပ်ကဲခြင်းနှင့်ပံ့ပိုးခြင်းလုပ်ရပ်များအပြင် အိုအီးစီဒီစောင့်ကြည့်မှု အဖွဲ့သည် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုနှင့်စီးပွားရေးလုပ်ဆောင်မှုများနှင့်သက်ဆိုင်သော လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စီးပွားရေး ဆိုင်ရာအကြောင်းရပ်အမျိုးမျိုးနှင့်စပ်လျဉ်း၍ ပေါ်လစီအကြံပြုချက်များကိုပြုစုသည်။ ဤကွန်ရက်သည် ပေါ်လစီရေးဆွဲသူများ၊ စီးပွားရေး လုပ်ငန်းများနှင့် ကုန်သွယ်ရေးသမဂ္ဂများအချင်းချင်း အပြန်အလှန်ဆက်သွယ်မှုများနှင့်စပ်လျဉ်းသည့်ဤပေါ်လစီများနှင့် ၎င်းတို့၏ရပ်တည်ချက် များအတွက် အားပေးပံ့ပိုးသည်။

## အခြားအရေးပါသည့်ဖက်စပ်လုပ်ကိုင်သူများ

ကုလသမဂ္ဂစီးပွားရေးလုပ်ငန်းနှင့်လူ့အခွင့်အရေးဆိုင်ရာလုပ်ဆောင်မှုအဖွဲ့

ကုလသမဂ္ဂ ကမ္ဘာ့တဝှမ်းအကျိုးသက်ရောက်မှု

နိုင်ငံတကာအလုပ်သမားအဖွဲ့ချုပ်

နိုင်ငံအဆင့်လူ့အခွင့်အရေးအဖွဲ့အစည်းများ၏
နိုင်ငံတကာချိတ်ဆက်ညှိနှိုင်းလုပ်ဆောင်ရေးကော်မီတီ

ကမ္ဘာ့အစီရင်ခံမှုအစပျိုးလုပ်ဆောင်ခြင်း

နိုင်ငံတကာစံချိန်သတ်မှတ်မှုအဖွဲ့အစည်း

## ပြန်ကြားရေးနှင့် အများသိစေရန်သတင်းဖြန့်ဝေခြင်း

mneguidelines.oecd.org ၌ လမ်းညွှန်ချက်များကို လူသိများအောင်သတင်းဖြန့်ဝေခြင်းနှင့် အကောင်အထည်ဖော်မှုနှင့် စပ်လျဉ်းသော သတင်းအချက်အလက်များ၊ ကိရိယာနည်းနာများနှင့် မီဒြမ်းကိုးကားစရာများကို တွေ့နိုင်သည်။

မေလ (၂၀၁၃) ခုနှစ်မှ စတင်လွှင့်တင်ထားသော **Specific instances database ခေါ် မကျေနပ်မှု ဖွင့်ဟချက်များကို စုဆောင်းတင်ပြထားသည့်စာရင်းများ**သည် NCPs များသို့ တင်ပြသော မကျေနပ်မှုဖွင့်ဟချက်များ၏ သဘာဝနှင့် လက်ရှိအခြေအနေအကြောင်း သတင်းအချက်အလက်များကို ဖော်ပြထားသည်။

**မကျေနပ်မှုဖွင့်ဟချက်များကိုစုဆောင်းတင်ပြထားသည့်စာရင်းများ**

*လမ်းညွှန်ချက်များ*၏ **မူရင်းစာသား၊ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များ**နှင့် **မှတ်ချက်များ**ကို ဘာသာစကားအမျိုးမျိုးဖြင့် ဖတ်ရှုနိုင်သည်။

တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးအကြောင်း အပြည်ပြည်ဆိုင်ရာအပြန်အလှန်ဆွေးနွေးမှုများပိုမိုအားသန်စေရန်အတွက်နှင့် *လမ်းညွှန်ချက်များ* ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးကိုပံ့ပိုးရန်အတွက် အိုအီးစီဒီက **တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးဆိုင်ရာကမ္ဘာ့ဖိုရမ်**ကို (၂၀၁၃) ခုနှစ်တွင်စတင်လုပ်ဆောင်ခဲ့သည်။

တာဝန်သိစီးပွားရေးလုပ်ငန်းကျင့်ထုံးဆိုင်ရာ**ကမ္ဘာ့ဖိုရမ်**

(၂၀၀၁) ခုနှစ်မှစ၍ထုတ်ဝေခဲ့သော **နှစ်စဉ်အစီရင်ခံစာ**သည် လိုက်နာကျင့်သုံးရန်ဝန်ခံထားသော အစိုးရများက *လမ်းညွှန်ချက်များ*ကို လူအများသိစေရန်နှင့် ၄င်းတို့၏ပိုင်နက်နယ်မြေအသီးသီး၌ (သို့) မှတဆင့်လုပ်ရှားလုပ်ဆောင် နေသောကုမ္ပဏီများအကြားလွှမ်းမိုးမှုရှိစေရန် သန္နိဋ္ဌာန်ချထားချက်များနှင့်ကိုက်ညီအောင် နောက်ဆုံး(၁၂)လအတွင်းလုပ်ဆောင်ခဲ့သောလုပ်ရပ်များကို ဖော်ပြထားသည်။ ထို့ပြင် ဖြစ်ပေါ်ဆဲကိစ္စများနှင့် ဖွံ့ဖြိုးမှုအသစ်များကိုတုန့်ပြန်ရန် လုပ်ဆောင်ချက်များ၏ရလဒ်များကိုလည်း ထည့်သွင်း ဖော်ပြထားသည်။